# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၃)
အမှတ် (၉၀)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ တနင်္ဂနွေနေ့။


**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**

## ဆည်ရေသောက်ခိုင်မာသည့် မြို့နယ်တစ်မြို့နယ်စီအားရွေးချယ် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး အဆင့်ဆင့်ကြိုးပမ်း

သတင်းစာမျက်နှာ ➤ ၈


**ယနေ့ မာတိကာ**

အာဂျင်တီးနားရှိ အာကွန်ကာဂွာ တောင်ထိပ်သို့ အသက်ကိုးနှစ်အရွယ်လူငယ် တက်ရောက်အောင်မြင် စာ-၄

.....................................

လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းဝေးကြပါစေ စာ-၅

.....................................

ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားသည့် ပြင်ဦးလွင်မှ ဗီရိုလှည်းခေါ် ရထားလုံး စာ-၁၀



**ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို လေးမျက်နှာ ပါရှိပါ သည်။


## ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှုများ ထိန်းချုပ်ရေးခန်းထားရှိဆောင်ရွက်မည်


သတင်း-အာကာဟိန်း
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)


**ရန်ကုန် ဒီဇင်ဘာ ၂၈**

စီးပွားရေးမြို့တော် ရန်ကုန်တွင် လမ်းတိုင်းနီးပါး မော်တော်ယာဉ်ရပ်နားမှု၊ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ် လျက်ရှိရာ အဓိကကျသော လမ်းဆုံများ၌ ခုံးကျော်တံတား များ တည်ဆောက်ပေးခဲ့သော်လည်း အထိုက်အလျောက်သာ လျော့ကျခဲ့သည်။ ထို့ကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေရန် ထိန်းချုပ်ရေးခန်းထားရှိဆောင်ရွက်သွား ရန် အစီအစဉ်များ ချမှတ်နေပြီ ဖြစ်သည်။

"ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်နေတာ ကို လျော့ကျစေဖို့ ရည်ရွယ်ပြီး ထိန်းချုပ်ရေးခန်းထားရှိ ဆောင်ရွက်သွားဖို့ စီစဉ်နေပါတယ်။ ဒါဟာ ရန်ကုန်မြို့မှာ ယာဉ်ကြောပိတ်ဆို့မှုကို လျော့ကျစေဖို့အထောက်အကူပြု နိုင်မှာဖြစ်ပါတယ်"ဟု ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုသို့ ယာဉ်ကြောပိတ်ဆို့မှုများကို ထိန်းချုပ်နိုင်ရန် အတွက် ထိန်းချုပ်ရေးခန်းတစ်ခုကို မကြာမီကာလအတွင်း လိုအပ်သည့်ပစ္စည်းကိရိယာများ တပ်ဆင်ကာ ဆောင်ရွက် သွားမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော မော်တော်ယာဉ်များကို ထိန်းချုပ်ရေးခန်းအတွင်းမှ နိုင်ငံ တကာအဆင့်မီ နည်းစနစ်များဖြင့် ထိန်းချုပ်သွားမည် ဖြစ် သည်။ ကမ္ဘာ့နိုင်ငံအများအပြားတွင်လည်း မြို့ကြီးများ၌ မော်တော်ယာဉ်ပြေးဆွဲမှုထိန်းချုပ်ရေးစခန်းများ ထားရှိ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်မြို့တွင်လည်း တပ်ဆင်လုပ်ကိုင်သွားမည်ဖြစ်သည်။

အာဆီယံနိုင်ငံများအနက် စင်ကာပူနိုင်ငံတွင်လည်း



ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်ကြောရှင်းလင်းမှု ထိန်းချုပ် ရေးခန်းထားရှိအသုံးပြုလျက်ရှိရာ အောင်မြင်လျက်ရှိ သည်။

စီးပွားရေးမြို့တော် ရန်ကုန်တွင် လမ်းတိုင်းနီးပါး ယာဉ်ကြောပိတ်ဆို့ မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို ဤသို့ တွေ့ရသည်။

## ဖားကန့်မြို့ ဥရုရတနာကျောက်စိမ်းတောင်တံတားကြီး ရာခိုင်နှုန်းပြည့်ပြီးစီး



ရာနှုန်းပြည့်ပြီးစီးနေသော ဖားကန့်မြို့ ဥရုရတနာကျောက်စိမ်းတောင်တံတားကြီးကို တွေ့ရစဉ်။

**ဖားကန့် ဒီဇင်ဘာ ၂၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ ဥရုရတနာကျောက်စိမ်းတောင် တံတားတည်ဆောက်မှု ရာခိုင်နှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက မရှီကထောင်ရပ်ကွက်ရှိ သံပေါင် ကွန်ကရစ်တံတားအမှတ် (၂)၏ ညှော့ခန်းမဆောင်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ရှေ့တန်းခြေမြန်တပ်မဌာနချုပ် တပ်မမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိနှင့် စည်ပင် အင်ဂျင်နီယာမှူးကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မ၊ ငှက်ပျောတော၊ မရှီကထောင်ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ၊ ကျောက်စိမ်း တောင် ကျောက်မျက်ကုမ္ပဏီမှ(အလှူရှင်) မန်နေဂျင်း ဒါရိုက်တာ ဦးစိန်ဝင်း- ဒေါ်ခင်သန်းကြည်တို့နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ▲




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တစ်နှစ်ကူးလျှင် အဖြစ်ထူးရမည်

၂၀၁၃ခုနှစ်ဆိုသည့် ခရစ်နှစ်တစ်နှစ်သည် မကြာမီကုန်ဆုံးတော့မည်။ ဤကုန်ဆုံးသွားသော နှစ်တစ်နှစ်တာကာလအတွင်း လုပ်ကိုင်ဆောင်ရွက်ခဲ့သော လုပ်ငန်းအဖြာဖြာတို့သည် မည်ရွေ့မည်မျှ တိုးတက်ခဲ့ပါသနည်း။ လူတိုင်းလူတိုင်း စဉ်းစားသင့်သောအချက်ပင်ဖြစ်သည်။ တစ်နှစ်ကူးလျှင်တော့ အဖြစ်ထူးဖို့လိုပါသည်။ အဖြစ်ထူးသည်ဆိုခြင်းမှာ မကောင်းသောထူးခြားဖြစ်စဉ်ကို ဆိုလိုခြင်းမဟုတ်ပါ။ ကောင်းသောအကြောင်းအရာတို့နှင့်ယှဉ်၍ တိုးတက်ပြောင်းလဲခြင်းကို ဆိုခြင်းဖြစ်ပါသည်။

နှစ်တစ်နှစ်ကုန်တိုင်း လူသည်အသက်ကြီးလာသကဲ့သို့ တိုးတက်ပြောင်းလဲမှုမှာလည်း ရှိလာဖို့လိုပါသည်။ တစ်နှစ်ပြီးတစ်နှစ် အသက်သာကြီးသွားပြီး ဘာတစ်ခုမျှ တိုးတက်ပြောင်းလဲမှုဖြစ်အောင် မလုပ်နိုင်ဘူးဆိုလျှင် "အသက်ကြီးပြီး အချိန်မစီးဘူး" စသည်ဖြင့် အပြစ်ဆိုတတ်ကြပါသည်။ မှန်ပါသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် နှစ်တစ်နှစ်ကုန်တိုင်း တိုးတက်မှုတစ်ခုခုရဖို့လိုပါသည်။ တစ်နှစ်တာအတွင်း မည်သည့်အလုပ်တို့ကို မည်သည့်အဆင့်အထိ တိုးတက်အောင်လုပ်နိုင်ခဲ့သည်၊ မည်သည့်ပညာရပ်များ သင်ယူတတ်မြောက်ခဲ့သည်၊ မည်သည့်အကျိုးစီးပွားများရရှိခဲ့သည် စသည်ဖြင့် မိမိကိုယ်ကိုမိမိ ဝေဖန်သုံးသပ်ဖို့လိုပါသည်။ အားနည်းချက်များကိုပြုပြင်ပြီး အားသာချက်များ မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သို့သော် အချို့သောသူများက တစ်နှစ်အတွင်းမည်မျှအောင်မြင်အောင်လုပ်မည်ဆိုခဲ့သည့်အတိုင်း အမှန်တကယ်လည်း အောင်မြင်အောင်လုပ်ကြသူများရှိပါသည်။ သို့သော် ထိုလူမျိုးကား အလွန်နည်းပါသည်။ အပြောသာပြောနေပြီး အမှန်တကယ်အောင်မြင်ပြီးမြောက်အောင် မဆောင်ရွက်နိုင်သူများကသာ များပါသည်။ မိမိကိုယ်မိမိ အပြောနှင့်အလုပ်ကိုက်ညီမှု ရှိ၊ မရှိ ပြန်လည်သုံးသပ်ဖို့လိုပါသည်။ အပြောနှင့်အလုပ် ကိုက်ညီမှသာ တိုးတက်ပြောင်းလဲမှုသည်လည်း အမှန်တကယ်ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ လူဆိုသည်မှာ အသက်တစ်ရာကျော်နေရကောင်း နေရနိုင်ပါသည်။ သို့သော် မိမိဘဝ၊ မိမိ မိသားစုအတွက်သော် လည်းကောင်း၊ အများကောင်းကျိုးအတွက်သော်လည်းကောင်း တစ်ခုခုဖြစ်ထွန်းကျန်ရစ်အောင် စွမ်းဆောင်နိုင်ခြင်းမရှိလျှင် အသက်ရှည်ခြင်းမှာ အချည်းနှီးသာဖြစ်ချေလိမ့်မည်။ ထို့ကြောင့် နှစ်တစ်နှစ်ကုန်တိုင်း၊ နှစ်တစ်နှစ်ကူးတိုင်းအောင်မြင်မှု၊ တိုးတက်မှု၊ ကြိုးစားလုံ့လပြုအားထုတ်မှုတို့ဖြင့် အဖြစ်ထူးဖို့လိုမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# အင်ဒိုနီးရှားသမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုပဟိုဌာနဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အင်ဒိုနီးရှားသမ္မတနိုင်ငံ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဗဟိုဌာနဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် ညနေ ၅ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ အင်ဒိုနီးရှားနိုင်ငံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E. Mr.Sebastianus Sumarsono က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အဆိုပါဗဟိုဌာနကို ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများနှင့်အတူ ဌာနတွင်းသို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)**

အဆိုပါဌာနတွင် အင်ဒိုနီးရှားဘာသာစကား၊ အက၊ ဂီတစသည့် အနုပညာတို့ကို လာရောက်လေ့လာသင်ကြားနိုင်သည့်အပြင် ဟင်းချက်နည်း၊ အနုပညာပစ္စည်းထွင်းထုခြင်း အတတ်ပညာတို့ကို သင်ကြားပေးရန်နှင့် ဖျော်ဖြေရေးအဖြစ် ရုပ်ရှင်ဇာတ်ကားများကို ပြသသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**



# အခြေခံပညာမူလတန်းနှင့်အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပညာရေးဝန်ကြီးဌာန ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီက နေပြည်တော်ရှိ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က ၂၁ ရာစု၏ စိန်ခေါ်မှုများကိုရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် အခြေခံပညာကျောင်းအုပ်ကြီးများက သင်ကြားသင်ယူမှု စွမ်းရည်များ မြင့်မားတိုးတက်လာအောင် ဦးဆောင်ကြပ်မတ် အကောင်အထည်ဖော်ပေးကြရန်၊ အခြေခံပညာအဆင့်အလိုက် ဆရာ ဆရာမများနေဖြင့်လည်း ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားတိုးတက်လာအောင် ဘာသာရပ်သင်ခန်းစာများကို စနစ်တကျကြိုတင်ပြင်ဆင် လေ့ကျင့်သင်ကြားပေးကြရန်၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် စံနမူနာယူလောက်သည့်စွမ်းရည်များ ထုတ်ဖော်ယှဉ်ပြိုင်သွားကြရန် တိုက်တွန်းမှာကြားသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ခေတ္တပြည်ထောင်စုဝန်ကြီးသည် မူလတန်းအဆင့် စတုတ္ထတန်းနှင့် အလယ်တန်းအဆင့် ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း ကျောင်းသား ကျောင်းသူများ၏ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များ၊ ပညာရေးကောလိပ်များမှ အကဲဖြတ်ပညာရှင်များ၊ ပညာရေးမိသားစုဝင်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးခြင်းနှင့် ငွေပဒေသာပင်စိုက်ထူခြင်း ဆေးရုံသုံးပစ္စည်းများလှူဒါန်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၆ နာရီခွဲက အဆိုပါဆေးရုံ၌ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့များ စုပေါင်း၍ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခဲ့သည်။

ဆက်လက်၍ ဆေးရုံသုံးပစ္စည်းနှင့် ငွေပဒေသာပင်စိုက်ထူခြင်း အခမ်းအနားကို ဆေးရုံခန်းမ၌ကျင်းပရာ ဆေးရုံသုံးပစ္စည်း Locker-stand ခန်းဆီးလိုက်ကာ၊ အမှိုက်ပုံး၊ စုစုပေါင်းပစ္စည်းနှင့် လှူဒါန်းငွေကျပ် သိန်း ၇၀ နှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအတွက် သန့်ရှင်းရေးသုံးပစ္စည်း တန်ဖိုးငွေကျပ် ၁၃ သိန်း ငါးသောင်း စုစုပေါင်း ၈၃ သိန်း ငါးသောင်းကို ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာကျော်ရွှေကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဗဟိုအမျိုးသမီးဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ခဲ့ကြောင်း သိရသည်။ **မီးမီး(လှိုင်)**

# ချင်းအမျိုးသားနေ့ မင်းတပ်၌ ကျင်းပမည်

**ဟားခါး ဒီဇင်ဘာ ၂၈**

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင်ကျရောက်မည့် ပြည်နယ်အဆင့် ချင်းအမျိုးသားနေ့ကို မင်းတပ်မြို့၌ကျင်းပသွားမည်ဖြစ်သည်။

ချင်းအမျိုးသားနေ့ကို ယခင်က ချင်းပြည်နယ်နေ့အဖြစ် မြို့နယ်အလိုက်အလှည့်ကျကျင်းပခဲ့ပြီး နောက်ပိုင်းတွင် ပြည်နယ်မြို့တော် ဟားခါးမြို့၌သာ ကျင်းပခဲ့သည်။ယခုအခါ မင်းတပ်မြို့နယ်၏ဆန္ဒအရ ပြည်နယ်အဆင့် ချင်းအမျိုးသားနေ့ကို ကျင်းပခွင့်ပေးသွားမည်ဖြစ်ပြီး နောင်နှစ်များတွင် အခြားမြို့နယ်များက တောင်းဆိုလာပါက ကျင်းပခွင့်ပေးမည်ဖြစ်ကြောင်း မြို့နယ်များမှ မြို့မိမြို့ဖကိုယ်စားလှယ်များ သဘော တူ ဆုံးဖြတ်ထားကြသည်။ ချင်းအမျိုးသားနေ့တွင် ဌာနဆိုင်ရာများကလည်း ပြခန်းများ ဖွင့်လှစ်ပြသပေးပြီး မြို့သို့ပြည်နယ်အတွင်း မြို့နယ်ကိုးမြို့နယ်မှ ယဉ်ကျေးမှုအဖွဲ့များ လာရောက်ဖျော်ဖြေ မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# နတ်လူသာခုခေါ်စေသော်



ကွယ်လွန်သူ (R.V.G.S ခရစ်နားမူရ်သီး-B.K ဒေါ်စောလိုက်ယမား)တို့အား ရည်စူး၍ ဦးခင်မောင်လတ်-ဒေါ်အေးအေးမြင့် (SUPER ကြိုးကျစ်ကူရှင်)မိသားစုမှ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၃ လမ်း မိသားစု(၁၇)ကြိမ်မြောက် ဓမ္မပူဇာသဘင်နှင့် ၁၃၉လမ်း ဗုဒ္ဓဟူးဆွမ်းလောင်းအသင်း (၇) ကြိမ်မြောက် ဓမ္မပူဇာသဘင် ကျင်းပရေးကော်မတီတို့အား ဘုရားပုံတော်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပါသည်။



ပြည်တွင်းသတင်း

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် နှစ်သစ်ကူးညစာစားပွဲ တက်ရောက်အားပေး

**နေပြည်တော်　ဒီဇင်ဘာ　၂၈**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဒီဇင်ဘာ ၂၇ ရက် ညနေပိုင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမနှင့် မြက်ခင်းပြင်၌ ကျင်းပသည့် နှစ်သစ်ကူးညစာစားပွဲသို့ တက်ရောက်အားပေး အမှာစကားပြောကြားပြီး ဝန်ထမ်းများအတွက် နှစ်သစ်ကူးထောက်ပံ့ငွေများ ပေးအပ်ကာ ဝန်ထမ်းများနှင့်အတူ ဂုဏ်ပြုညစာ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နှစ်သစ်ကူးညစာစားပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# 5G-9999 နံပါတ်ကို ငွေကျပ် ၅၂ သိန်းဖြင့် ဝယ်ယူ

**ရန်ကုန်　ဒီဇင်ဘာ　၂၈**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ကညန) သည် နိုင်ငံတော်အတွက် ပြည်သူ့ဘဏ္ဍာငွေ ပိုမိုရရှိစေရန်နှင့် ပြည်ပမှ တင်သွင်းလာသော ယာဉ်ပိုင်ရှင်များ အနေဖြင့်လည်း မိမိကြိုက်နှစ်သက်ရာ အပူးဂဏန်းများနှင့် ရွေးဂဏန်းနံပါတ်များကို ပွင့်လင်းမြင်သာစွာဖြင့် စိတ်ကြိုက် ဝယ်ယူခွင့်ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ကညန ရန်ကုန်(ရုံးချုပ်)ရှိ ဗဟိုမော်တော်ယာဉ် မှတ်ပုံတင်ဌာနတွင် မူသေ နောက်ဆုံးမော်တော်ယာဉ် နံပါတ်များမှာ 3G-7269 နှင့် DD-3347သို့ ရောက်ရှိပြီး 5G-9999 ဂဏန်းလေးလုံး အပူးနံပါတ်ကို ငွေကျပ် ၅၂ သိန်းဖြင့် ယာဉ်ပိုင်ရှင်တစ်ဦးက ဝယ်ယူသွားကြောင်း သိရသည်။

ဒီဇင်ဘာလအတွင်း ဂဏန်းလေးလုံး အပူးနံပါတ်များဖြစ်သော 3G-1111 နံပါတ်ကို ငွေကျပ် ၁၄ သိန်း၊ 3G-2222 နံပါတ်ကို ငွေကျပ် ၁၈ သိန်း၊ 3G-4444 နံပါတ်ကို ငွေကျပ် ၁၀ သိန်း၊ 3G-5555 နံပါတ်ကို ငွေကျပ် ၁၈ သိန်း၊ 3G-6666 နံပါတ်ကို ငွေကျပ် ၃၂ သိန်း၊ 3G- 8888 နံပါတ်ကို ငွေကျပ် ၃၈ သိန်း၊ 3G-9999 နံပါတ်ကို ငွေကျပ် သိန်း ၃၀၊ 4G-9999 နံပါတ်ကို ငွေကျပ် သိန်း ၄၀ တို့ဖြင့် ယာဉ်ပိုင်ရှင်များက ဝယ်ယူခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မြန်မာ့တိုင်းရင်းဆေး ပညာရှင်များ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်က အနောက်တိုင်းဆေးပညာ မပေါ်ပေါက်ခင်ကတည်းက တိုင်းပြည်တိုင်း၊ လူမျိုးတိုင်းတွင် တိုင်းရင်းဆေးပညာရှိခဲ့ပြီး ဘိုးဘွား၊ ဘီ၊ ဘင် လက်ထက်မှစ၍ သက်ဆိုင်ရာ တိုင်းရင်းဆေးပညာများသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာကြသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးသည်လည်း သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ နှစ်ရက်တာ ကျင်းပမည့်နှီးနှောဖလှယ်ပွဲသည် မြန်မာ့တိုင်းရင်းဆေးပညာစနစ်တကျဖွံ့ဖြိုးတိုးတက်ရေး



နှင့် မိမိတို့၏ရိုးရာတိုင်းရင်းဆေးပညာဖြင့် တိုင်းရင်းသားလူမျိုးအားလုံး၏ ကျန်းမာရေးကို ထိထိရောက်ရောက် စောင့်ရှောက်နိုင်စေရန် ရည်ရွယ်ပြုလုပ်သည့်အတွက် တိုင်းရင်းဆေး ပညာရှင်များနှင့် နှီးနွှယ်ပညာရှင်များ ရင်းနှီးပွင့်လင်းစွာဖြင့် နှီးနှောဖလှယ်ဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် နှီးနှောဖလှယ်ပွဲကို ကျင်းပရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)ဦးကျော်သိန်းဌေးက ဒီပလိုမာသင်တန်းနှင့် တဆလက်မှတ်ရ အခြားသင်တန်းများနှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (သင်ကြား) ဒေါက်တာသိန်းကျော်က မြန်မာ့တိုင်းရင်းဆေး ပညာဘွဲ့ ပုံမှန်သင်တန်းများတွင် သင်ကြားနေသည့်စနစ်နှင့် ပတ်သက်၍ လည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာသန်းမောင်က မြန်မာ့တိုင်းရင်းဆေး ပညာဘွဲ့(ပေါင်းကူး) သင်တန်းနှင့် မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ သင်ကြားနေသည့်စနစ်နှင့်ပတ်သက်၍လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ကုသ) ဦးထွန်းမြင့်က တိုင်းရင်းဆေးပညာဖြင့် လက်တွေ့စောင့်ရှောက်ကုသနေမှုအခြေအနေနှင့် ပတ်သက်၍လည်းကောင်း အသီးသီးတင်ပြကြရာ နှီးနှောဖလှယ်ပွဲတက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေး မေးမြန်းအကြံပြုကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းဆေးပညာရှင်များနှင့် နှီးနွှယ်ပညာရှင်များက အုပ်စုလေးစုခွဲ၍ "မြန်မာ့တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်သင်ကြား မွေးထုတ်ရေးလုပ်ငန်းစဉ်များကို သုံးသပ်ဆွေးနွေး၍ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရေး အကြံပေးတင်ပြရန်" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**●ကျောဖုံးမှ**

ဆိုင်ခန်းနှစ်ခန်း ဝယ်ယူထားသူ ဗဟိုစံပြ ငါးဈေးကြီးမှ ဦးမင်းနိုင်က "သုံးနှစ် အရစ်ကျဝယ်ယူပါက ပထမအရစ်အနေဖြင့် ဘဏ်ဝန်ဆောင်မှုအပါအဝင် ကျပ်သိန်း ၁၀၀ ပေးသွင်းရကြောင်း၊ လစဉ်ငွေကျပ်ကိုးသိန်း ပေးသွင်းရကြောင်းဆိုခဲ့သည်။ ၎င်းက ဆက်လက်၍ "ဘဏ်တိုးနဲ့ သုံးနှစ်ကို ပြန်တွက်ရင် ဆိုင်ခန်းတစ်ခန်းကို ငွေကျပ်သိန်း ၃၅၀ လောက်ကျသွားတယ်" ဟု ဆိုလာသည်။

ဧရာဝတီတိုင်း ဒေသကြီး ကျောင်းကုန်းမြို့နယ်မှ အင်းလုပ်ငန်းရှင် ဦးအောင်ခက "စည်ပင်ကနေ ဆိုင်ခန်းနှစ်ခန်း ဝယ်ထားပါတယ်၊ ဈေးကြီးကို အမြန်ဆုံးဖွင့်စေချင်ပါတယ်၊ ဈေးကြီးဖွင့်ပြီဆိုတာနဲ့ နောက်ထပ် ဆိုင်ခန်းတွေဝယ်ဦးမှာပါ"ဟု ၎င်း၏ဆန္ဒကို ပြောကြားခဲ့သည်။

တွေ့ဆုံပွဲခန်းမ၌ ဈေးများဌာနမှူး ဦးစံရွှေထွန်းက ဆိုင်ခန်းဝယ်ယူထားသူများနဲ့ တွေ့ဆုံရခြင်းမှာ သုံးကြိမ်မျှ ရှိပြီဖြစ်ကြောင်း ၊ ငါးလုပ်ငန်းအမှန်တကယ် လုပ်ကိုင်လိုသူများကိုသာ စိစစ်ရောင်းချပေးနေခြင်းဖြစ်သည့်အတွက် ယနေ့အထိဆိုင်ခန်းပေါင်း ၃၆ ခန်းရောင်းချပေးပြီးဖြစ်ရာ စာရင်းအရင်သွင်းသူ အရင်ရမည်ဖြစ်ကြောင်း၊ ဈေးကြီးအမြန်ဆုံး ဖွင့်လှစ်နိုင်ရေးဝိုင်းဝန်းဆောင်ရွက်ပေးကြရန်နှင့် မိမိတို့၏ဆန္ဒသဘောထားများကို ပွင့်ပွင့်လင်းလင်းတင်ပြပေးကြရန် လမ်းဖွင့်စကား ဆိုခဲ့သည်။

ဆိုင်ခန်းပေါင်း ခြောက်ခန်းအထိ ဝယ်ယူထားသူ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်က "ဒီဈေးသစ်ကြီးက ကျယ်ဝန်းတဲ့အတွက် ရောင်းသူဝယ်သူလည်း အဆင်ပြေ၊ ပွဲစားနဲ့ နယ်ပို့သူတွေလည်း အဆင်ပြေနိုင်တဲ့ဈေးကြီးပါ။ အရေးကြီးတာက ဝယ်ထားတဲ့သူ အားလုံးစုစုစည်းစည်းနဲ့ အမြန်ဆုံး ဖွင့်နိုင်ဖို့ပဲ လိုပါတော့တယ်" ဟုဆိုသည်။

ငါးဈေးသစ်ကြီးတွင် ရေချိုရေငန်၊ မွေးမြူရေး ငါးမျိုးစုံရောင်းချနိုင်မည်ဖြစ်သည်။ ဝင်လမ်း၊ ထွက်လမ်းကောင်းပြီး ကားများရပ်နားရန်လည်းကျယ်ဝန်းသည်ကို တွေ့ရသည်။ ရေမီးပြည့်စုံစွာရှိမည့်အပြင် မြင့်မြင့်မားမား တည်ဆောက်ထားသည့်အတွက် လေဝင်လေထွက်လည်း ကောင်းနိုင်မည်ဖြစ်ကြောင်း တွေ့ရသည်။

ရောင်းချပေးရန် ဆိုင်ခန်းများများစွာ ကျန်ရှိနေသေးသော်လည်း ဆိုင်ခန်း ဝယ်ယူထားပြီးသူများက အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး ဆန္ဒကိုယ်စီရှိနေကြသည်။ သို့အတွက် ဈေးရုံ(E) တွင် ဖွင့်ပွဲပြုလုပ်နိုင်ရန် ယေဘုယျအားဖြင့် သဘောတူညီခဲ့ကြသည်။

ငါးဈေးသစ်ကြီး ဖွင့်လှစ်မည့်ရက်ကို ညှိနှိုင်းဆွေးနွေးရန် ဇန်နဝါရီ ၁၀ ရက်တွင် ဈေးများဌာနမှူး (ကုမ္ပဏီ) ဆိုင်ခန်းဝယ်ယူထားသူများ နောက်တစ်ကြိမ် ပြန်လည်ဆုံတွေ့ကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

**◆ကျောဖုံးမှ**

အားမာန်၏ လည်ပင်းကိုထိမိကာ အနားတောင်းခဲ့ရသည်။ ကျန်စက္ကန့် ၂၀ ဆက်ထိုးပြီး ပထမအချီပြီးဆုံးသွားသည်။ ဒုတိယအချီနှင့် ပဉ္စမအချီတို့တွင် သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိကြပြီး အမှားမခံဘဲ ချိန်ဆထိုးခဲ့ကြရာ အရှုံးအနိုင်မပေါ်ဘဲ သရေဖြစ်သွားသည်။ နောက်တစ်ပွဲမှာ ပြိုင်ပွဲအတွေ့အကြုံများသော သမ္ဘာရင့်ဝါရင့်များဖြစ်ကြသည့် ဒဂုံအောင်လံ ဒုတိယဆုရှင် စောဂရေမှူး(ထော့မဲပါ)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ရွှေတံဆိပ်ဆုရှင် ကျန်စစ်အောင် (အလင်းရောင်)တို့ပွဲဖြစ်သည်။ ပထမအချီတွင် တစ်ယောက်နှင့်တစ်ယောက် အမှားကွက်စောင့်ထိုးကြရင်း ပြီးဆုံးသွားရသည်။ ဒုတိယအချီနှင့် တတိယအချီတွင် စောဂရေမှူး၏ ဘယ်ညာလက်သီးတွဲလုံးများကို ကျန်စစ်အောင်ရှောင်တိမ်းခဲ့ရသည်။ စတုတ္ထအချီနှင့် ပဉ္စမအချီတွင် အသည်းမာမာဖြင့် သူတစ်ပြန်ကိုယ်တစ်ပြန် ထိုးသတ်ခဲ့ကြသော်လည်းပူးတွဲသရေဖြစ်ခဲ့သည်။ နောက်ဆုံးပွဲစဉ်အဖြစ် သားသား (T&T)နှင့် စောအုန်းမြင့်(အလင်းရောင်)တို့ပွဲက ပရိသတ်များ အားအပေးဆုံး ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပထမအချီ လွတ်လိုက်သည်နှင့် နှစ်ဦးစလုံး၏ မြန်ဆန်သွက်လက်လှသည့် လက်သီးတွဲလုံးများ၊ အချုပ်၊ အပူးများစုံလင်စွာဖြင့် အပြိုင်ထိုးသတ်ခဲ့ကြသည်။ ဒုတိယအချီ ၅၆ စက္ကန့်တွင်သားသားက စောအုန်းမြင့်ကို ချုပ်ပြီး ဒူးနှင့် တိုက်ရန် ကြိုးစားသော်လည်း မြန်ဆန်သွက်လက်လှသည့် စောအုန်းမြင့်၏ ခေါင်းတိုက်ချက်ကြောင့် သားသား မေးရိုးကွဲကာ ဒဏ်ရာအနာတရဖြစ်ပြီး အရှုံးပေးလိုက်ရသဖြင့် စောအုန်းမြင့် နိုင်ပွဲရရှိခဲ့သည်။ **(မြန်မာ့အလင်း)**

# ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးကင်းထောက်ငယ်စခန်းချသင်တန်းဖွင့်

**ရန်ကုန်　ဒီဇင်ဘာ　၂၈**

မြန်မာအမျိုးသမီး ကင်းထောက်ငယ်များနှင့် အိုဆာကာအမျိုးသမီးကင်းထောက်ငယ်များအတွက် ပထမအကြိမ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးကင်းထောက်ငယ်စခန်းချသင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စွမ်းအားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ကင်းထောက်ကြီး ဦးဉာဏ်ထွန်းက အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ဂျပန်နိုင်ငံ အိုဆာကာအမျိုးသမီး ကင်းထောက်အဖွဲ့ ဥက္ကဋ္ဌ Ms.Yoko Shinke က မိတ်ဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့(ယာယီ)မှ ယာယီကင်းထောက်ချုပ် ဒေါ်တင်လှကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။



ထို့နောက် ဂျပန်နိုင်ငံ အိုဆာကာ အမျိုးသမီးကင်းထောက်အဖွဲ့က မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့သို့ ယာယီတဲများ ပေးအပ်လှူဒါန်းသည်။ မြန်မာနိုင်ငံမှ အလှူရှင်များကလည်း မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့သို့ ငွေကျပ် ၆၂ သိန်း လှူဒါန်းခဲ့သည်ဟု သိရသည်။

"ပုံမှန်ကင်းထောက်စခန်းထက် ပိုထူးခြားတာကတော့ မြန်မာ-ဂျပန်ယဉ်ကျေးမှု၊ ဘာသာစကား ရိုးရာ အစားအစာဖလှယ်ပုံလေးတွေပါမယ်။ ပျော်ရွှင်ဖွယ်ရာ မီးပုံပွဲလည်းပါမယ်။ နောက်ပြီး ပြည်ပနိုင်ငံကိုမသွားဘဲ ပြည်ပနိုင်ငံသားတွေနဲ့ ဆက်ဆံပေါင်းသင်းတတ်တဲ့ အတွေ့အကြုံလည်း ကလေးတွေရရှိတဲ့အတွက် ကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်"ဟု အိုဆာကာအဖွဲ့နှင့် အစီအစဉ်ဖြစ်မြောက်ရေး အဖွဲ့မှ ဒေါက်တာဒေါ်မြင့်မြင့်စန်းက ပြောကြားသည်။

အဆိုပါစခန်းတွင် မြန်မာနိုင်ငံဘက်မှ အမျိုးသမီးကင်းထောက်ငယ် ၃၆ ဦးနှင့် အာရှပစိဖိတ်သင်တန်းတက်ရောက်ပြီးသော ကြီးကြပ်ဆရာမ ရှစ်ဦး၊ ဂျပန်နိုင်ငံဘက်မှ အမျိုးသမီးကင်းထောက်ငယ်ကိုးဦး၊ ကြီးကြပ်ဆရာမ လေးဦးတက်ရောက်ပြီး သုံးရက်ကြာ သင်တန်းပို့ချမည်ဟု သိရသည်။ **(သတင်းစဉ်)**

**ယနေ့ မိုးလေဝသ**

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်ညနေအထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်အတွက် မနက်ဖြန် ညနေအထိ ခန့်မှန်းချက်မှာ အများအားဖြင့်သာယာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နိုင်ငံတကာသတင်း

# မိသားစုတစ်စုလျှင် ကလေးတစ်ဦးသာ မွေးဖွားခွင့် ဥပဒေ တရုတ်နိုင်ငံ ဖြေလျှော့ပေး



**ပေကျင်း ဒီဇင်ဘာ ၂၈**

တရုတ်နိုင်ငံ၏ ထိပ်တန်း ဥပဒေပြုအာဏာပိုင်အဖွဲ့က ယခင်ရှိထားသော တရုတ်နိုင်ငံ၏စုံတွဲတစ်တွဲတွင် ကလေးတစ်ဦးသာ မွေးဖွားခွင့်ရှိသော ဥပဒေအား တရားဝင် ဖြေလျှော့ပေးလိုက်ပြီဖြစ်ကြောင်း ဒီဇင်ဘာ ၂၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အမျိုးသား ပြည်သူ့ညီလာခံ၏ အမြဲတမ်းကော်မတီက ကလေးတစ်ဦးရှိပြီးသူ မိဘများအား နောက်ထပ်တစ်ယောက်ထပ်ယူခွင့် ပြုပေးလိုက်ပြီဖြစ်သည်။

ယင်းပေါ်လစီအပြောင်းအလဲကို နိုဝင်ဘာလက ကွန်မြူနစ်ပါတီ ထိပ်တန်းအရာရှိများ တွေ့ဆုံအပြီး ကြေညာခဲ့ခြင်း ဖြစ်သည်။ ယခုကဲ့သို့ ပေါ်လစီပြုပြင် ပြောင်းလဲမှုသည် တရုတ်နိုင်ငံတစ်ဝန်းစုံစမ်းစစ်ဆေးမှုများပြုလုပ်ကာ ကွန်ဂရက်၏ ခြောက်ရက်ကြာ အစည်းအဝေးအပြီး ပေါ်ထွက်လာခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် အလျင်အမြန်ပေါက်ကွဲထွက်လာသည့် လူဦးရေကြီးထွားမှုကို ဟန့်တားနိုင်ရန် ၁၉၇၀ နှစ်ကုန်ပိုင်းမှစကာ စုံတွဲတစ်တွဲလျှင် ကလေးတစ်ဦးသာ မွေးဖွားခွင့် (one-child policy)ကို စတင်ကျင့်သုံးခဲ့ကြသည်။

သို့သော် ၎င်းပေါ်လစီအား လူအများမနှစ်သက်မှု ပို၍ဖြစ်လာပြီး ယင်းပေါ်လစီကြောင့် သက်ကြီးရွယ်အိုသာတိုးလာပြီး မျိုးဆက်သစ်မလုံလောက်သဖြင့် နိုင်ငံအတွက် လုပ်သားအင်အား လျော့ကျခြင်းနှင့် သက်ကြီးပိုင်းလူထုအား စောင့်ရှောက်ရေးအခက်တွေ့လာခြင်းတို့ကို တရုတ်ခေါင်းဆောင်များက စိုးရိမ်လာကြသည်ဟု စောင့်ကြည့်လေ့လာသူများက ဆိုကြသည်။

သက္ကရာဇ် ၂၀၅၀ အရောက်တွင် တရုတ်နိုင်ငံ၏ အသက် ၆၅ နှစ်နှင့်အထက်လူဦးရေမှာ နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံမက ရှိလိမ့်မည်ဖြစ်သည်။တရုတ်နိုင်ငံ၏ သားယောကျ်ားလေးကိုသာ ဦးစားပေးမှု အစဉ်အလာကြောင့် အချို့စုံတွဲများသည် သားယောကျ်ားလေးမဟုတ်ပါက ကိုယ်ဝန်ဖျက်ချခြင်းများ ကျူးလွန်ကြသဖြင့် ကျား၊ မ လူဦးရေ မညီမျှမှုများ ဖြစ်ပေါ်လာသည်။

နောင်လာမည့် ၁၀ စုနှစ် အကုန်တွင် တရုတ်နိုင်ငံ၌ လက်မထပ်ရသူ လူပျိုကြီးများ ၂၄ သန်းခန့်ရှိလာမည်ဖြစ်ပြီး တရုတ်အမျိုးသားများသည် အိမ်ထောင်ဘက်ရှာဖွေရန် ခက်ခဲမည်ဟု လေ့လာသူတို့က ဆိုသည်။

ထို့ကြောင့် တရုတ်ခေါင်းဆောင်များက ၎င်းတို့၏ ပေါ်လစီကို ပြောင်းလဲရန် လိုလားနေခြင်းဖြစ်သည်။

**(ဘီဘီစီ)**

# လစ်ဗျားအစိုးရက ဖမ်းဆီးခဲ့သည့် အမေရိကန် စစ်သားလေးဦး ပြန်လည်လွတ်မြောက်

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန်စစ်သားလေးဦးကို လစ်ဗျားအစိုးရက ယမန်နေ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်းနှင့် ၎င်းတို့အား ပြန်လွှတ်မပေးမီ နာရီပေါင်းများစွာ ချုပ်နှောင်ထားခဲ့ကြောင်း အမေရိကန်ပြည်ထောင်စုက တရားဝင်ထုတ်ဖော်ပြောကြားသည်။

သမ္မတ အိုဘားမား၏ အစိုးရအဖွဲ့က အဆိုပါဖြစ်စဉ်ကို စုံစမ်းစစ်ဆေးမှု ပြုခဲ့ကြောင်း၊ သို့ရာတွင် လစ်ဗျားအစိုးရက ဖမ်းဆီးချုပ်နှောင်ခဲ့သည့် အမေရိကန်စစ်ဘက်မှ ပုဂ္ဂိုလ်လေးဦးစလုံး ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဂျန်ပဆာကီက ပြောကြားသည်။

အဆိုပါ အမေရိကန် လေးဦးသည် ထရီပိုလီရှိ အမေရိကန်သံရုံးအတွက် ဖြစ်နိုင်ဖွယ် ကယ်ဆယ်ရေးလမ်းကြောင်းများကို စူးစမ်းမှု ပြုခဲ့ကြပုံရကြောင်း အမေရိကန်ပြည်ထောင်စုကာကွယ်ရေးဝန်ကြီးရုံး အသိုင်းအဝိုင်းက ပြောကြားသည်။

**ထည့်သွင်းပြောကြား**

၎င်းတို့သည် ထရီပိုလီအနောက်ပိုင်း ရောမခေတ်ရှေးဟောင်း အမွေအနှစ်များ တည်ရှိရာဒေသအဖြစ် ကျော်ကြားသော ဆာဘရာသာအနီး "လုံခြုံရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတချို့ဆောင်ရွက်စဉ်" ဖမ်းဆီးချုပ်နှောင်ခံခဲ့ရခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထုတ်ပြန်ကြေညာချက်ထဲ၌ ထည့်သွင်းပြောကြားထားသည်။

၎င်းက အမေရိကန်ပြည်ထောင်စုသည် ၂၀၁၁ ခုနှစ်က မွမ်မာကဒါဖီအား ဆန့်ကျင်အုံကြွမှု ဖြစ်စဉ်တွင် ထောက်ခံအားပေးရပ်တည်ခဲ့ကြောင်းနှင့် လစ်ဗျားနိုင်ငံသစ်နှင့် ဆက်ဆံရေးကို တန်ဖိုးထားကြောင်း ပြောကြားသည်။

**(ရိုက်တာ)**

# အာဂျင်တီးနားရှိ အာကွန်ကာဂွာ တောင်ထိပ်သို့ အသက်ကိုးနှစ်ရွယ်လူငယ် တက်ရောက်အောင်မြင်

**ဝါရှင်တန် ဒီဇင်ဘာ ၂၈**

အမေရိကန်ပြည်ထောင်စုမှ အသက် ၉ နှစ်အရွယ် လူငယ်တစ်ဦးသည် အမေရိကတိုက်ရှိ အမြင့်ဆုံးတောင်ဖြစ်သော အာကွန်ကာဂွာတောင်ထိပ်သို့ ရောက်ရှိသူ အသက်အငယ်ဆုံးလူသား ဖြစ်လာခဲ့သည်။

၉ နှစ်အရွယ် လူငယ်လေး တေလာအမ်းစထရောင်းသည် ဖခင်ဖြစ်သူနှင့်အတူ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

"ဘယ်ကလေးမဆို သူတို့လုပ်ရမယ့်အလုပ်ကို ကောင်းကောင်းလုပ်နိုင်ပါတယ်။ ဒါဟာ စမ်းသပ်မှုပါပဲ။ ပန်းတိုင်ဆီကို စိတ်နှစ်ထားပါ"ဟု တောင်ထိပ်သို့ တက်ရောက်အပြီး တေလာကဆိုသည်။ ပြီးခဲ့သည့် နှစ်ကလည်း အာဖရိက၏ အမြင့်ဆုံးတောင်ဖြစ်သော ကီလီမန်ဂျရိုသို့ တက်ရောက်နိုင်ခဲ့ပြီးဖြစ်သည်။

အာကွန်ကာဂွာတောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၂၂၈၄၁ ပေ မြင့်မားကာ တက်ရောက်သူဦးရေ ၁၀၀ ထက်မနည်းတို့မှာ တောင်တက်ရင်းသေဆုံးခဲ့ရဖူးသည်။

"အဲဒီနေရာမှာ ကမ္ဘာ့အမြင့်နေရာက လေထုကို ခံစားရပါတယ်။ တိမ်တွေက ကျွန်တော်တို့ရဲ့အောက်မှာ ရှိနေပြီးတော့ အလွန်အေးပါတယ်"ဟု တေလာက ပြောကြားသည်။



တေလာ၏ အသက်အရွယ်သည် အာဂျင်တီးနားနိုင်ငံ၌ တောင်တက်ခွင့်ရရန် တရားသူကြီးတစ်ဦးထံမှ အထူးခွင့်ပြုချက် လိုအပ်သည်။

တေလာမတိုင်မီ ၂၀၀၈ ခုနှစ်က အသက်အငယ်ဆုံး တောင်တက်ရန်ကြိုးစားသူမှာ အသက် ၁၀ နှစ် အရွယ်ရှိ အမေရိကန်နိုင်ငံမှ မက်သရူး အမည်ရှိ လူငယ်လေးတစ်ဦးဖြစ်သည်။

**(ဘီဘီစီ)**

## အိန္ဒိယတောင်ပိုင်း

# ရထားမီးလောင်မှု လူ ၂၃ ဦးသေဆုံး

**ဘင်္ဂလော ဒီဇင်ဘာ ၂၈**

အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ရထားတစ်စင်းပေါ်တွင် မီးလောင်မှုဖြစ်ပွားပြီးနောက် ကလေးနှစ်ဦးအပါအဝင် လူ ၂၃ ဦးအနည်းဆုံး သေဆုံးခဲ့ကြောင်း မီဒီယာများက ဖော်ပြကြသည်။

နန်ဒက်ဒ်-ဘင်္ဂလော အမြန်ရထားသည် ၎င်း၏ခရီးစဉ်အတိုင်း အန်ဒရာပရာဒက်ရှ်ပြည်နယ်အတွင်း ဖြတ်သန်းခုတ်မောင်းစဉ် တွဲတစ်တွဲကို မီးစွဲလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု ရထားဌာန တာဝန်ရှိသူများကပြောကြားသည်။

သေဆုံးသူအများအပြားမှာ ရထားတွဲအတွင်း မီးခိုးလုံးများ ပြည့်သိပ်ထွက်လာမှုကြောင့် မွန်းကျပ်သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲခန့်တွင် လေအေးစက်တပ်ရထားတွဲကို မီးစွဲလောင်မှုဖြစ်ပွားစဉ် ရထားပေါ်၌ခရီးသည် ၆၀ ကျော် စီးနင်းလိုက်ပါခဲ့သည်ဟုသိရသည်။

ဒဏ်ရာရသူများနှင့် ပျောက်ဆုံးသူအရေအတွက်ကို တိတိကျကျ မသိရသေးချေ။ အိန္ဒိယနိုင်ငံ၌ ရထားမတော်တဆမှုများမှာ အစိုးရပိုင်မီးရထားကွန်ရက်များတွင် တွေ့ရလေ့ရှိသည်။

ပြီးခဲ့သည့် နှစ်ကလည်း အန်ဒရာပရာဒက်ရှ်ပြည်နယ်၌ ခရီးသည်တင်ရထားတစ်စင်း ခုတ်မောင်းနေစဉ် မီးလောင်မှုတစ်ခုဖြစ်ပွားရာ ၄၇ ဦး သေဆုံးခဲ့ဖူးသည်။

**(ဘီဘီစီ)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**
**သတင်းကြေညာချက်**
**၁၃၇၅ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၀)ရက်**
**၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၇ ရက်**

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ခုနှစ်၊ ဇန်နဝါရီ ၆ ရက်မှ ၁၀ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၂။ ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသော မြန်မာနိုင်ငံသား ရတနာကုန်သည်များသည် သတ်မှတ်ထားသည့် အာမခံစပေါ်ငွေနှင့် ဝင်ကြေးငွေများ ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူလိုသူများသည် ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်မှ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၅ရက်အထိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာလုပ်ငန်းကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**



**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**
**သတင်းကြေညာချက်**
**၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်**
**၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်**



၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၆ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ရောင်းချပွဲတွင် တန်ဖိုးနည်းကျောက်မျက်တွဲများနှင့် ကျောက်စိမ်းအသားကျောက်တွဲ C,D (စီ၊ဒီ)အဆင့်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ တန်ဖိုးနည်းကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် တန်ဖိုးနည်းကျောက်မျက်တွဲများနှင့် ကျောက်စိမ်းအသားကျောက်တွဲ C,D (စီ၊ဒီ)အဆင့်များကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂ရက်အထိ စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်း၊ ရောင်းချပွဲကျင်းပမည့်နေရာသို့ ပြောင်းရွှေ့ခင်းကျင်းခြင်းများ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၃။ ရောင်းချပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန (မန္တလေး)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)နှင့် မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မိုးညှင်းမြို့များတွင် အခြေပြုသည့် ကျောက်စိမ်းတူးဖော်ရေးဌာန(စခန်းရုံး)များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**



**မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်၊ သီရိမွန်ပလာဇာ၊ သီရိမွန်လမ်း၊ အမှတ် ၂၇/၂၈တွင် ကုမ္ပဏီရုံးချုပ်တည်ရှိသော Myanmar Sunbeam Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၀၆၈/၁၉၉၉-၂၀၀၀သည် 15/9 Grandstand Parade Zetland NSW 2017 Sydney Australia တွင်တည်ရှိသော Linn International Proprietary Limited မှ TRI-MED DIS-TRIBUTORS PTY LTD (Australia)၏ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပါပစ္စည်းများကို မြန်မာပြည်၏ တစ်ဦးတည်းသောကိုယ်စားလှယ် (Exclusive Distributor)အနေဖြင့် တင်သွင်းဖြန့်ဖြူးရောင်းချခွင့်၊ ကိုယ်စားလှယ်လွှဲအပ်ထားခြင်းခံရသော ကုမ္ပဏီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ဆေးရုံ၊ ဆေးခန်းသုံးပစ္စည်းများဖြစ်သော Kimberly-Clark* (CLOtest*) Rapid Urease Test ကို Myanmar Sunbeam Company Limited မှ မြန်မာပြည်၏ တစ်ဦးတည်းသောကိုယ်စားလှယ်အဖြစ် မြန်မာပြည်တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။




သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပါ ဆေးရုံ၊ ဆေးခန်းသုံးပစ္စည်းများ၏ ကုန်အမှတ်တံဆိပ်အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း၊ ဆင်တူယိုးမှားတုပ၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားပြုလုပ်သုံးစွဲပြီး ဘူးခွံများတွင် ကပ်နှိပ်ခြင်း၊ကုန်ပစ္စည်းများကို တင်သွင်းထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ အထက်ဖော်ပြပါ အသိပေးကြေညာချက်များကို ချိုးဖောက်ပြီး ကုမ္ပဏီ၏ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်သွန်ကြားချက်အရ-**

**ဒေါ်ရှိစလင်း (စဉ်-၂၅၇၀၃) အထက်တန်းရှေ့နေ**
**အမှတ် ၇၅၆၊ သရဖီလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၉၃၁၁၅**

# ဒဟတ်ကုန်း အခြေခံမူလတန်းကျောင်းတွင် သောက်ရေတွင်းလိုအပ်

**မကွေး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ် ဒဟတ်ကုန်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတွင် စာသင်ကျောင်း အခြေခံအင်္ဂါရပ်များနှင့်ညီညွတ်ပြည့်စုံမှုရှိသော်လည်း သောက်ရေတွင်းမရှိသောကြောင့် ကျောင်းသားကျောင်းသူကလေးငယ်များသောက်သုံးရေအတွက် များစွာအခက်အခဲရှိနေကြောင်း သိရသည်။

အခြေခံမူလတန်း ကျောင်းတွင် ကျောင်းအုပ်ဆရာကြီး အပါအဝင် ဆရာ ဆရာမ သုံးဦးဖြင့် ဒဟတ်ကုန်းကျေးရွာနှစ်ရွာမှ ကျောင်းသားကျောင်းသူ ၃၄ ဦးကို ပညာသင်ကြားပေးလျက်ရှိသည်။ အဆိုပါ ကျောင်းမှ စာသင်ဆောင်၊ ယင်လုံအိမ်သာနှင့် စားပွဲစာသင်ခုံများ၊ သင်ထောက်ကူပစ္စည်း လိုအပ်မှုမရှိသော်လည်း သောက်သုံးရေ မရှိသဖြင့် ကျောင်းသား ကျောင်းသူ ကလေးငယ်များ သောက်ရေဘူးများဖြင့် တစ်ဖာလုံခန့်ဝေးသော တောင်ကျချောင်းထဲရှိ လက်ယက်တွင်းများမှ အတက်အဆင်းလမ်းများအတိုင်း သွားရောက်ခပ်ကြရသည်။

"ကျွန်တော်တို့ရွာမှာ အခြေခံမူလတန်းကျောင်း စတင်ဖွင့်လှစ်ချိန်ကတည်းက ကျောင်းသားကျောင်းသူတွေ တောင်ကျချောင်းသွားပြီး သောက်ရေခပ်ကြရပါတယ်။ နွေနှင့်ဆောင်းမှာ သိပ်အခက်အခဲမရှိပေမယ့်မိုးတွင်းကာလမှာ ကလေးငယ်တွေအတွက် အလွန်စိတ်ပူရပါတယ်။ ဆရာ ဆရာမများက ဂရုစိုက်ပေမယ့် ရေခပ်သွားနေကျ ကလေးငယ်တွေ အတန်းဖော်များအတွက် ဆရာများ အလစ်မှာ တောင်ကျချောင်းကို ရေသွားခပ်ကြရင် အန္တရာယ်ဖြစ်မှာ စိုးရိမ်ရပါတယ်"ဟု ဒဟတ်ကုန်းရွာသူရွာသားများက ပြောပြသည်။ ဒဟတ်ကုန်း မူလတန်းကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သန်းက "ပညာရေးမှာ ထူးချွန်သူများကြပါတယ်။ နှစ်တိုင်းလည်း လူရည်ချွန် ကျောင်းသားကျောင်းသူတွေ မွေးထုတ်ပေးနိုင်ခဲ့တယ်။ ကျောင်းဆရာ ဆရာမနဲ့လက်ရှိကျောင်းသား ကျောင်းသူဦးရေနဲ့မျှတလို့ ပညာသင်ကြားရာမှာ အခက်အခဲမရှိပါဘူး။ ကလေးငယ်တွေ အခုလိုကျောင်းဖွင့်ရက်တိုင်း အလှည့်ကျရေသွားခပ်ကြရတဲ့အတွက် သူတို့ပြန်အလာကို စောင့်ပြီး စာသင်ကြားပေးရပါတယ်။ စာသင်နောက်ကျပြီး ကြာလာရင်ကလေးတွေရဲ့ပညာရေး ထိခိုက်မှုဖြစ်လာမှာစိုးရိမ်ရပါတယ်။ ကျောင်းအတွက် သောက်ရေတွင်းတစ်တွင်း လိုအပ်နေတာအမှန်ပါပဲ"ဟု ထပ်မံပြောကြားခဲ့သည်။

**ပိုင်ဇေ(မကွေး)**



# လူအချင်းချင်းလှည့်ပတ်ခြင်း ကင်းဝေးကြပါစေ

လူတိုင်းကြီးပွားချမ်းသာချင်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ မြန်မြန်ကြီးပွားချမ်းသာလိုသူတို့က လောင်းကစားကိုလုပ်၍ စီးပွားပျက်၊ ဘဝပျက်၍ နာလန်မထူနိုင်သောအဖြစ်သို့ ရောက်ရသူများလှ၏။ တစ်လုံးဘောလုံး၊ နှစ်လုံးထီ၊ သုံးလုံးချဲထီတို့ကို အလွယ်တကူကံစမ်းနေကြ၏။ နိုင်ငံတော်အစိုးရက လောင်းကစားဥပဒေများသတ်မှတ်၍ အရေးယူနေချိန်တွင် တစ်ဖက်ကလည်း ပြည်သူတို့အတွက် တရားဝင်ကံစမ်းနိုင်ရန် အောင်ဘာလေသိန်းထီရှိနေပြီဖြစ်သည်။ မိမိတို့ကံကို လစဉ် စမ်းနိုင်ကြ၏။ အောင်ဘာလေသိန်းထီမှ ထီဆုကြီးများ တိုးမြှင့်ဖွင့်လှစ်၍ ဆုမဲများစွာပေးနေသည်မှာ အားရစရာပင်ဖြစ်သည်။ ထီဆိုင်ကြီးများကလည်း ထီထိုးသူများကို မက်လုံးပေး၍ အမျိုးမျိုးဆွဲဆောင်ကြ၏။ ကံစမ်းမဲ၊ မင်္ဂလာစုံတွဲ၊ ကံပွင့်ဂဏန်း အစောင် ၅၀ ထီ၊ ၁၁ မီးငြိမ်းဖို့ ၁၁ မြွာရှယ်ထီစသည်ဖြင့် စည်းရုံးသကဲ့သို့ အထူးဆု ငွေကျပ်သိန်း ၁၅၀၀ ၏ အက္ခရာနှင့်ရှေ့ဂဏန်းနှစ်လုံးအစဉ်လိုက်တူ မိတ်သဟာ ပူးတွဲဆုများအား တစ်ဆုလျှင် ငွေကျပ်ငါးသောင်းပေး၍ ထီပေါက်သူတို့ကို တိုးစေပြန်၏။

နိုင်ငံတော်အစိုးရက မည်သို့ပင် ဈေးနှုန်းသတ်မှတ်စေကာမူ သတ်မှတ်ဈေးထက် လျှော့မရောင်းကြပါ။ ထီလက်မှတ်များကို ကံစမ်းမဲအသွင်ပြောင်း၍ နယ်လှည့်ရောင်းကြ၏။ ကံစမ်းမဲပါထီလက်မှတ်အတွဲများကို ဈေးနှုန်းတင်၍ မြှင့်ရောင်းသည်။ သူ့တုတ်နှင့်သူ ပြန်ရိုက်ခိုင်းသလိုပင်။ ထီကို လစဉ်ကံစမ်းသူ ညောင်လေးပင်မြို့သားတစ်ဦးသည် သူဌေးလောင်းဖြစ်ဖို့ ကံစမ်းရင်းပြောင်းလဲသွားမည့်ဘဝကို မျှော်လင့်ပြီး ထီလက်မှတ်ကိုကိုင်၍ စိတ်ကူးယဉ်ခဲ့သည်။ (၂၉၉)ကြိမ်မြောက် အောင်ဘာလေထီ ကျပ်သိန်း ၁၅၀၀ ပေါက်သူ ကံထူးရှင်အား ပဲခူးမြို့ပင်ရင်းထီဆိုင်မှ ညောင်လေးပင်မြို့သို့သွားရောက်၍ ကံထူးရှင်အား ပဲခူးမြို့သို့ခေါ်ဆောင်လာပြီး သိန်း ၁၅၀၀ ပေါက်လျှင် ရရှိမည့်အကျိုးခံစားခွင့်များကို သေချာစွာ မရှင်းပြသလို ရန်ကုန် အောင်ဘာလေသိန်းဆုဌာနခွဲတွင် ဆုငွေသွားထုတ်လျှင် လမ်းစရိတ်ကုန်မည်၊ အချိန်ကာလ နှစ်လကျော်ကြာမြင့်မည် စသည်ဖြင့် ဆုငွေသွားမထုတ်ချင်အောင် စည်းရုံးသိမ်းသွင်းခဲ့သည်။ ကံထူးရှင်မှာလည်း အချိန်ကုန် ငွေကုန်လူပန်းဖြစ်မည့်အတူ "မိမိတို့က ကျပ် သိန်း ၁၅၀၀ ကျပ်ထုတ်ပေးမည်၊ ခင်ဗျားကထီလက်မှတ်ကို ကျုပ်တို့ကိုလွှဲပေးရုံပါပဲ" ဟု ပြောဆိုစည်းရုံးသဖြင့် စိတ်ရှုပ်မခံလိုသော ကံထူးရှင်က ရန်ကုန်တွင် ငွေကျပ်သိန်း ၁၅၀၀ သွားမထုတ်တော့ကြောင်း၊ ၎င်းတို့ပေးသည့် သိန်း၁၅၀၀ကိုပဲ ယူမည်ဖြစ်ကြောင်း ပြောသောအခါ ပဲခူးပင်ရင်းထီဆိုင်မှ စရံငွေကျပ်သိန်း ၂၀ ကို ညတွင်းချင်းပေးလိုက်၏။ နောက်တစ်နေ့တွင် ကျန်ငွေသိန်း ၁၄၈၀ကို ပဲခူးမြို့မှ ညောင်လေးပင်မြို့ရှိ ပုဂ္ဂလိကဘဏ်တစ်ခုသို့ လွှဲပြောင်းပေးခဲ့သည်။ နောက် တစ်ပတ်အကြာတွင် ပဲခူးပင်ရင်းထီဆိုင်ရှေ့ ကြော်ငြာဆိုင်းဘုတ်တွင် သိန်း ၁၅၀၀ ကံထူးရှင်သည် မူလကသူ မဟုတ်ဘဲ အခြားသူတစ်ယောက်ဖြစ်နေသည်ကိုတွေ့ရှိရ၏။ ထီအရောင်းကိုယ်စားလှယ်မှာလည်း ညောင်လေးပင်မြို့မှ ကိုယ်စားလှယ်မဟုတ်တော့ဘဲ ပဲခူးပင်ရင်း ထီဆိုင်ပိုင်ရှင်၏ သားကြီးဖြစ်နေသည်ကိုတွေ့ရှိရသည်။ ငွေကျပ်သိန်း ၁၅၀၀ တကယ်ပေါက်သူကံထူးရှင်နားမလည်သဘောမပေါက်သည်မှာ ထီပေါက်၍ ရရှိသည့် ဆုငွေအပေါ် ဝင်ငွေခွန်ပေးဆောင်ရန်မလိုခြင်းဖြစ်သည်။ ထီဆိုင်က သူ့ကိုပေးလိုက်သော ငွေကျပ်သိန်း ၁၅၀၀ သည် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ဝင်ငွေခွန်ပေးဆောင်ရမည့်ငွေဖြစ်သွားသည်။ စီးပွားရေးလုပ်ငန်းရှင်တို့က ငွေမည်းကို ငွေဖြူအသွင်ပြောင်းလိုက်သည်ကို မသိနားမလည်ဖြစ်ခဲ့ရ၏။ မသိနားမလည် သူကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးကြည့်တတ်သူတို့၏ လုပ်ဇာတ်တစ်ခုပင်ဖြစ်သည်။

သို့ဖြစ်၍အထက်ပါအကြောင်းအရာသည် အသိအမြင် ဗဟုသုတနည်းသည့် ပြည်သူတစ်ဦးအားပရိယာယ်သုံးကာကိုယ်ကျိုးရှာသော ဝိသမလောဘသားတစ်ဦး အဆင်ပြေအမြတ်ရသွားသော ဇာတ်လမ်းတစ်ခုသာဖြစ်၍ မသိနားမလည်သော ပြည်သူကို အသိပေးသင့် ပညာပေးသင့်သောအကြောင်းအရာတစ်ခုအဖြစ် တင်ပြရေးသားခြင်းသာဖြစ်ပါ၏။ လူအချင်းချင်းလှည့်ပတ်ခြင်းမှကင်းဝေးကြပါစေ။

**သန့်စင်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၈)၊ မွန်ပြည်နယ်ဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကမမောင်းမြို့နယ်ခွဲ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ခရိုင်/မြို့နယ် | ပစ္စည်းအမျိုးအစား |
|---|---|---|
| ၁။ | ဖာပွန်ခရိုင်၊ ကမမောင်းမြို့နယ်ခွဲ | ကျောက်ကြီး၊ ဝါးထရံ |

**တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း- နှင့် စိစစ်ရွေးချယ်မည့်နေရာ** ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသခွဲ(၁၀)၊ ဘားအံမြို့နယ်ရုံး၊ ဥယျာဉ်လမ်း၊ အမှတ်(၃)ရပ်ကွက်၊ ဘားအံမြို့

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၃၁-၁၂-၂၀၁၃ရက်

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၀-၁-၂၀၁၄ရက် ၁၂:၀၀နာရီ

**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၁၀-၁-၂၀၁၄ရက် ၁၃:၀၀နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသခွဲ(၁၀)၊ ဘားအံမြို့နယ်ရုံး၊ ဖုန်း-၀၅၈-၂၂၅၀၂ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**ကန့်ကွက်နိုင်ပါကြောင်း**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဖ/အရှေ့၊ မြေကွက်အမှတ် ၉၂၈၊ မြေကွက်တည်နေရာအမှတ် ၉၂၈၊ ရွှေပြည်သာလမ်း၊ ဖ/ရှေ့ရပ်ကွက်၊ သာကေတမြို့နယ် ဦးညွန့်မောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးညွန့်မောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ဆွေဆွေဦး ၁၂/သကတ(နိုင်)၀၁၉၄၆၇ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပုလဲရတုတွေ့ဆုံပွဲဖိတ်ကြားခြင်း စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း၊ပျဉ်းမနား) (၁၉၇၄-၁၉၉၂)စိုက်ပျိုးရေး၊ သစ်တော သူငယ်ချင်းများ အားလုံး**

၂၀၁၄ မှာ ကျင်းပမည့် ဆရာကန်တော့ပွဲနှင့် ပုလဲရတု တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ သူငယ်ချင်းများအားလုံး စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ကန်တော့ပွဲအစီအစဉ်** ၁၀-၁-၂၀၁၄ရက်(သောကြာနေ့)၊ ပတ္တမြားခန်းမ၊ ညနေ ၅နာရီ

**တည်းခိုရန်** - ဧရာဝတီဟိုတယ်၊ တိုင်းရင်းသားကျေးရွာ၊နေပြည်တော်

**သွားလာရန်** - ၁၀-၁-၂၀၁၄ရက်

မန္တလေး မှ - နံနက် ၅:၃၀နာရီ

ရန်ကုန် မှ - နံနက် ၅:၀၀နာရီ တွင်ကားများထွက်ပါမည်။

နေ့လယ်စာ စားရန်-မောခမ်းနွံ(သပြေကုန်းဈေး) နေပြည်တော်

ကိုယ့်အစီအစဉ်နှင့်လာပါက ၁၀-၁-၂၀၁၄ရက်(၁၀နာရီ-၁၂နာရီ)မောခမ်းနွံ (သပြေကုန်းဈေး)တွင် ဆုံကြပါမည်။

ညနေ ၅:၀၀နာရီတွင် ဆရာများကန်တော့ခြင်းနှင့်မိတ်ဆုံစားပွဲစပါမည်။

ည ၉:၀၀ နာရီ၊ ဧရာဝတီဟိုတယ်တွင် မီးပုံပွဲနှင့် ကာရာအိုကေပွဲ စပါမည်။

ကားဖြင့် လိုက်ပါမည့်သူများ ၄-၁-၂၀၁၄ရက်အတွင်း ဆက်သွယ်ပေးပါရန်။

**ဆက်သွယ်ရန်-**

- ရန်ကုန် မခင်စန်းဝေ ဖုန်း-၀၉-၇၃၀၄၇၇၉၀၊ မမိုးဆန်း ဖုန်း-၀၉-၄၂၀၇၂၃၉၇၊ မဆွေဆွေဦး ဖုန်း-၀၉-၇၃၀၅၁၈၁၈၊ မသီဂီစိုး ဖုန်း-၀၉-၄၃၁၅၂၃၁၀၊ မနှင်းစန္ဒာဦး ဖုန်း-၀၉-၅၄၀၀၉၉၉
- မန္တလေး-မမျိုးမိခိုင် ဖုန်း-၀၉-၄၃၀၆၀၆၉၂၊ မခင်သန္တာဝင်း ဖုန်း-၀၉-၉၁၀၃၅၈၂၉၊
- နေပြည်တော်- ကိုသူရစိုး ဖုန်း-၀၉-၅၃၀၀၅၉၁၊ ကိုတိုးမင်း ဖုန်း-၀၉-၅၆၀၀၅၁၆၊ ၀၉-၈၃၀၄၇၀၄၊ မသက်သက်နွယ် ဖုန်း-၀၉-၂၅၄၀၈၂၄၀၅၊ မခင်စိန်ဦး ဖုန်း-၀၉-၄၃၀၇၇၁၆၃ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အကျဉ်းဦးစီးဌာနလက်အောက်ရှိ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးမျိုးမြင့်သည် အကျဉ်းဦးစီးဌာန လက်အောက်ရှိ လှည်းကူးမြို့နယ် လှေလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများသို့လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဦးလှအေးသည် တိုက်ကြီးမြို့နယ် အိုင်ကလောင်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ဒေါ်စန္ဒာသွယ်သည် ကျောက်တန်းမြို့ အောင်ချမ်းသာ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းသို့လည်းကောင်း ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများအား သက်ဆိုင်ရာ စခန်းတာဝန်ခံ အရာရှိများကစခန်းရှိ အကျဉ်းသား လုပ်အားရှင်များ၏ အခြေအနေ၊ နေရာထိုင်ခင်း၊ သက်သာချောင်ချိမှု၊ စားသောက်မှု၊ သန့်ရှင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများသည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများရှိ အကျဉ်းသား လုပ်အားရှင်များနှင့် တွေ့ဆုံပြီး နေရာထိုင်ခင်း၊ သက်သာချောင် ချိမှု ရှိ၊ မရှိ၊ သန့်ရှင်းမှုရှိ မရှိ၊ အာဟာရသင့်တင့်မျှတမှုရှိ မရှိ၊ ကျန်းမာရေးပြည့်စုံမှုရှိ မရှိ၊ မကျန်းမာပါက ဆေးကုသခွင့်၊ အခွင့်အရေးရှိ မရှိ၊ အကျဉ်းသား လုပ်အားရှင်များအပေါ် နှိပ်စက်ညှဉ်းပန်းမှု ၊မတရားပြုကျင့်မှုရှိ မရှိ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားနိုင်ရေးစသည်တို့နှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေး တွေ့ဆုံမေးမြန်းပြီး လိုလပ်သည်များကို ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည်။ ထို့နောက် အကျဉ်းသား လုပ်အားရှင်များ၏ အဆောင်များ၊ စားဖိုဆောင်၊ စခန်းတွင်းစိုက်ခင်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအမျိုးသမီးရေးရာအဖွဲ့ ဥပဒေအကာအကွယ်နှင့် အကြမ်းဖက်မှုအကြောင်း ဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမျိုးသမီးရေးရာအဖွဲ့ဥပဒေအကာအကွယ်နှင့် အကြမ်းဖက်မှုအကြောင်း ဟောပြောပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မြမြဦး၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသမီးဝန်ထမ်း ၁၁၅ ဦး တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နာယကဒေါ်မြမြဦးက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အမျိုးသမီးရေးရာအဖွဲ့ဝင်ဒေါ်စီစီချိန်က "အမျိုးသမီးများအတွက် ဥပဒေအကာအကွယ်နှင့် အကြမ်းဖက်မှုအကြောင်း"ကို ဟောပြော ဆွေးနွေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့

စာအုပ်စာပေ လေ့လာစို့



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# မြန်မာအသတ် ပါဠိအသတ်

**မောင်ခင်မင်(ဓနုဖြူ)**

"ဘဘ သမီး ဘတ်စ်ကားစီးသွားရင်း လမ်းဘေးမှာ မကြာခင်က အသစ်ဆောက်ထားတဲ့ မဏ္ဍပ်ကြီးတစ်ခုကို သတိထားမိပါတယ်။ မဏ္ဍပ်နဖူးစည်းမှာ ရေးထားတဲ့စာနဲ့ပတ်သက်လို့ မေးစရာပေါ်လာလို့ပါ ဘဘ"

အိမ်နီးချင်းကျောင်းသူကလေး မူမူက ကျွန်တော့်အိမ်ဘက်ကူးလာပြီး စကားစလိုက်ခြင်းဖြစ်သည်။

"ဆိုပါဦး၊ ဘာများမေးစရာပေါ်လာပြန်ပြီလဲ သမီးရဲ့"

"ရေးထားတဲ့စာက 'မုခ်ဦးဖွင့်ပွဲ'လို့ ရေးထားတာပါ။ မတစ်ချောင်းငင်ပြီး ခကွေးသတ်ထားတဲ့ 'မုခ်'ဆိုတဲ့ စာလုံးပေါင်းကို သတိထားမိရင်း အရင် ဘဘပြောဖူးတဲ့ အသတ်ဆယ်မျိုးနဲ့ဆက်ပြီး မေးစရာပေါ်လာတာပါ"

"သြော်. . . သမီးမေးချင်တာ ဘဘသိပြီ။ ဘဘပြောတဲ့အသတ်ဆယ်မျိုးထဲမှာ ခကွေးသတ်မပါဘူးလေ။ ဟုတ်တယ်မဟုတ်လား။ ဒီတော့ အသတ်ဆယ်မျိုးထဲမပါတဲ့ အသတ်တွေအကြောင်း သမီးမေးချင်လို့ ခုလိုစကားစလိုက်တာပဲဆိုတာ ဘဘသိနေပါတယ်"

"ဟာ. . . ဘဘရဲ့ဗေဒင်က တယ်မှန်ပါလား၊ အို. . . ကန်တော့ ကန်တော့"ဟု မူမူက ရယ်ရင်းပြောသည်။ "ဘဘက အသတ်ဆယ်မျိုးရှိတယ်ပြောလို့ အသတ်တွေကုန်ပြီထင်တာ။ ခုခကွေးသတ်က အဲဒီအထဲမှာ မပါတာသတိထားမိလို့ အသတ်ဆယ်မျိုးထဲမပါတဲ့ အသတ်တွေအကြောင်းနဲ့ ဘာဖြစ်လို့ အဲဒီအသတ်တွေအကြောင်း ထည့်မပြောတာလဲဆိုတာ သိချင်တာပါဘဘ"

"အေး. . . ဝမ်းသာပါတယ်ကွယ်။ သမီးက တော်လည်းတော်တယ်၊ မေးလည်းမေးတတ်တယ်။ အသတ်ဆယ်မျိုးကိုတော့ သမီးသိပြီးသားပါနော်"

"သိပါတယ် ဘဘ။ ကသတ်၊ ငသတ်၊ စသတ်၊ ဉသတ်၊ ညသတ်၊ တသတ်၊ ပသတ်၊ နသတ်၊ မသတ်၊ ယသတ် အားလုံးဆယ်မျိုးပါ"

"ဟုတ်ပါတယ်။ ရှေးကတော့ သတ်ဆစ်ဆယ်ပါးလို့ခေါ်တာပေါ့။ အဲဒီအထဲက ဉသတ်နဲ့ ယသတ်ကိုမထည့်ဘဲ အသတ်ရှစ်မျိုးကို သတ်ဆစ်ရှစ်ပါးလို့ ခေါ်တယ်။ ရှေးကတော့ သတ်ဆစ်ဆယ်ပါးဆိုတာ ခုနပြောတဲ့ ရှစ်ပါးမှာ ယသတ်နဲ့ ဝသတ် ထည့်ပြီးရေတွက်တာပါ။ နောက်ပိုင်းကျတော့ ဝသတ်မသုံးတော့ဘဲ အဲဒီနေရာမှာ ဉသတ်ထည့်ပြီး အသတ်ဆယ်မျိုး ရယ်လို့ ရေတွက်ကြတာပါ"

"မှတ်ထားပါ့မယ် ဘဘ"

"အဲ့ဒီအသတ်ဆယ်မျိုးက မြန်မာစာအရေးအသားသက်သက်နဲ့ဆိုင်တဲ့ အသတ်တွေလို့ဆိုရမှာပဲ။ ဆိုလိုတာက ပါဠိတို့၊ သက္ကတတို့ဆီက မွေးစားယူထားတဲ့ စကားလုံးတွေမဟုတ်ဘဲ မြန်မာစကားလုံး သက်သက်တွေကို အဲဒီအသတ်ဆယ်ပါးနဲ့ရေးရတယ်လို့ဆိုလိုတာပါ။ ပါဠိမွေးစားစကားလုံးတွေကို ရေးရာမှာတော့ အဲဒီအသတ်ဆယ်မျိုးနဲ့မလုံလောက်ဘူးလေ။

"ဘယ်အသတ်တွေပါသေးသလဲဘဘ"

"သမီးပြောတဲ့ 'မုခ်'က ခသတ်လို အသတ်မျိုးတွေပေါ့။ ပါဠိစကားလုံးတွေရဲ့ အဆုံးဗျည်းအားလုံးကို အသတ်ထည့်လို့ရတာချည်းပဲလေ"

"အဲဒီအသတ်တွေက ဘာတွေပါလဲ၊ ပြောပြပါ ဘဘ"

"နမူနာအနေနဲ့ တစ်လုံးစီပဲပြောပြမယ်နော်။ မြန်မာအသတ်ဆယ်မျိုးထဲမပါတဲ့အသတ်တွေ အရင်ကြည့်ရအောင်။ 'မုခ်'ကပြောပြီးပြီ ခသတ်ပေါ့။ 'ဘဝဂ်'က ဂသတ်လေ။ သြော်. . . မုခ်ဆိုတာ မုခဆိုတဲ့ပါဠိစကားလုံးက 'ခ'ကို အသတ်ထည့်လိုက်တော့ 'မုခ်'ဖြစ်သွားတာပေါ့။ မုခ်ဆိုတာ တံခါးဝ၊ အဝင်ဝလို့ အဓိပ္ပာယ်ရတယ်။ ဘဝဂ်ကလည်း 'ဘဝဂ္ဂ'ဆိုတဲ့စကားလုံးမှာ အပေါ်က ဂကိုအသတ်ထည့်တာပါပဲ အရင်အပတ်က ဘဘရေးဖူးပါတယ်။ '၃၁ ဘုံမှာ အမြင့်ဆုံးဘုံလို့' အဓိပ္ပာယ်ရတယ်"

"စိတ်ဝင်စားဖို့ကောင်းပါတယ် ဘဘ၊ ဆက်ပြောပါဦး"

" 'မိုး'ကို အရင်တုန်းက 'မိုဃ်း'လို့ ဃသတ်နဲ့ရေးတယ်။ 'မေဃ'ဆိုတဲ့ ပါဠိစကားကို ယူတာကြောင့် ဃသတ်ရတယ်လို့ ပါဠိသင်သူတွေက ယူဆကြတယ်။ ဒါပေမယ့် မိုးဟာမြန်မာစကားစစ်စစ်ဖြစ်လို့ ဃသတ်စရာမလိုဘူးဆိုတဲ့ အယူအဆက သဘာဝကျလို့ ခုခေတ်မှာ ဃသတ်မထည့်တော့ဘူးလေ"

"ဟုတ်တယ်ဘဘ၊ ပထဝီဝင်စာအုပ်အဟောင်းတွေမှာ 'မိုဃ်းရွာသွန်းခြင်း' ဆိုတဲ့စာမျိုး သမီးတွေ့ဖူးတယ်"

"ပါဠိစကားလုံးရဲ့ အဆုံးဗျည်းတွေကို အသတ်ထည့်တဲ့သဘောကို သမီးနားလည်ရောပေါ့။ ဒီတော့ ပါဠိအသတ်တွေကိုပဲ နမူနာတစ်လုံးစီ ဆက်ပြောမယ်။ အဓိပ္ပာယ်တွေတော့ သမီးနောက်မှ လေ့လာပေါ့။ အဲ. . . 'သဏ္ဍာန်'က ဇသတ်တယ်၊ မကိဋ်က ဋသတ်တယ်၊ ပါဌ်ကဌသတ်တယ်။ ညဏ်က ဏသတ်တယ်။ ကြိယာပုဒ်က ထသတ်တာပေါ့"

"ထသတ်တဲ့ စာလုံးကို သိပ်မတွေ့ဖူးဘူးနော်"

"ဟုတ်တယ်။ ထသတ်က ရှားတော့ရှားတယ်။ ပုဒ်က ဒသတ်၊ ဒြပ်က ဗသတ်၊ မြင်းမိုရ်က ရသတ်၊ ကုသိုလ်က လသတ်၊ ဇီဝဖိုဝ်းငှက်က ဝသတ်၊ ဥပုသ်က သသတ်၊ ဂြိုဟ်က ဟသတ်၊ သီဟိုဠ်က ဠသတ်ပေါ့ကွယ်"

" ဘဘ၊ ဒါဆိုရင် အသတ်ဆယ်မျိုးသိရုံနဲ့ မြန်မာစာကို အပြည့်အစုံ မဖတ်နိုင်ဘူးပေါ့နော်"

" ဟုတ်တာပေါ့ သမီးရယ်။ အဲဒီမွေးစားစကားလုံးတွေက မြန်မာစကားထဲမှာ အသုံးတွင်ကျယ်နေပြီလေ။ ဒီတော့ အဲဒီအသတ်တွေကို မသိရင် မဖြစ်ဘူး။ အဲဒီပါဠိအသတ်ကို နားမလည်လို့ အသံထွက်မှားတာ ဘဘကြုံဖူးတယ်"

"ဟုတ်ကဲ့။ ပြောပါဘဘ"

"ကျောင်းသူကလေးတစ်ယောက်က အရှင်သာရိပုတ္တရာမထေရ်ကြီးရဲ့ ဘဝဇာတ်ကြောင်းကိုလေ့လာပြီး ပြန်ပြောရာမှာ အဲဒီမထေရ်ကြီးဟာ ဘုရားရှင်နဲ့မတွေ့ခင် 'ပရဗိုဇ်'လုပ်နေတယ်လို့ပြောတယ်။ ဘဘက 'ပရဗိုဇ်'ဆိုတာ အဓိပ္ပာယ်နားမလည်လို့ သူ့ကိုမေးကြည့်တော့မှ သဘောပေါက်တယ်။ အရှင်သာရိပုတ္တရာဟာ ဘုရားရှင်နဲ့မတွေ့ခင် ပရဗိုဇ်ရဟန်းအဖြစ်နေတဲ့ အကြောင်းကိုပြောတာပါ။ ပရဗိုဇ်ဆိုတာ ရဟန်းတစ်မျိုးပေါ့။ 'ပရိဗ္ဗာဇ'က ဆိုတဲ့ပါဠိကို မွေးစားထားတာ။ ဇကွဲကိုသတ်တော့ ပရဗိုဇ်ဖြစ်တာပေါ့။ 'ပရဗိုက်'လို့အသံထွက်ရတယ်။ သူက အဲဒီစနစ်ကိုမသိတော့ ဇကွဲသတ်ကိုချန်ထားပြီး ပရဗိုဇ်ကို 'ပရဗို'လို့ဖတ်တာပေါ့ကွယ်။

"သမီးဆိုရင်လည်း အဲဒီလို ဖတ်မိမယ်ထင်တယ်"

"မသိရင် မှားဖတ်နိုင်တာပေါ့ကွယ်။ အဲ. . . ပါဠိမွေးစားစကားလုံးတွေမှာ မြန်မာအသတ်ဆယ်မျိုးနဲ့ သတ်ရတဲ့စကားလုံးတွေလည်းရှိပါတယ်။ နမူနာပြရရင် 'စက်'ဆိုတဲ့စကားလုံးဟာ 'စက္က'ကို မွေးစားထားတာမို့ အငယ်စာလုံးကိုသတ်တော့ 'စက်'ဖြစ်သွားတာပေါ့။ လည်နေတဲ့အရာလို့ အဓိပ္ပာယ်ရတယ်။ အဲဒီလိုပဲ 'ဗေဒင်၊ ဗဟုဝုစ်၊ သံယောဇဉ်၊ ဇာတ်၊ ဆဒ္ဒန်၊ မဏ္ဍပ်၊ လောကဓံ၊ သပ္ပာယ်ဆိုတဲ့ စာလုံးတွေရဲ့အသတ်တွေကတော့ မြန်မာအသတ်ဆယ်မျိုးထဲက အသတ်တွေပဲမဟုတ်လား။ ခြုံပြီးပြောရရင်တော့ မြန်မာစကားလုံးစစ်စစ်ပဲဖြစ်ဖြစ်၊ ပါဠိမွေးစားစကားလုံးပဲဖြစ်ဖြစ် အသတ်အမျိုးအစားကို ရေကြည့်ရင် ၂၅လုံးထက်မနည်းတာ တွေ့နိုင်ပါတယ် သမီးရယ်"

"ဟုတ်ကဲ့ပါ ဘဘ၊ ခုလိုပြည့်ပြည့်စုံစုံသိရလို့ ဘဘကို ကျေးဇူးတင်ပါတယ်" ။

**"ရှေးကတော့ သတ်ဆစ်ဆယ်ပါးလို့ခေါ်တာပေါ့။ အဲဒီအထဲက ဉသတ်နဲ့ယသတ်ကိုမထည့်ဘဲ အသတ်ရှစ်မျိုးကို သတ်ဆစ်ရှစ်ပါးလို့ ခေါ်တယ်။ ရှေးကတော့ သတ်ဆစ်ဆယ်ပါးဆိုတာ ခုနပြောတဲ့ ရှစ်ပါးမှာ ယသတ်နဲ့ဝသတ်ထည့်ပြီးရေတွက်တာပါ။ နောက်ပိုင်းကျတော့ ဝသတ်မသုံးတော့ဘဲ အဲဒီနေရာမှာ ဉသတ်ထည့်ပြီး အသတ်ဆယ်မျိုးရယ်လို့ ရေတွက်ကြတာပါ"**

## ရန်ကုန်အိုင်စီတီပြပွဲ ခင်းကျင်းပြသ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ Yangon ICT Fair 2013 ကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည်။

မြန်မာနိုင်ငံ၏ Mobile နှင့် IT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းကဏ္ဍများကို အထူးစိတ်ဝင်စားသော နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူ လူငယ်များနှင့် ပြည်သူများအား ကွန်ပျူတာနှင့် ဆက်စပ်အပိုပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများ၊ Mobile နည်းပညာနှင့်ပစ္စည်းများ၊ ကွန်ပျူတာအသုံးချဆော့ဖ်ဝဲလ် နည်းပညာများကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ Yangon ICT Fair 2013 ပြပွဲကို ပြသခြင်းဖြစ်သည်။

ကွန်ပျူတာ၊ မိုဘိုင်းနှင့် ဆက်စပ်ပစ္စည်းများကို အထူးအစီအစဉ် Promotion များ၊ New Year Discount များဖြင့် ဝယ်ယူနိုင်မည်ဖြစ်သည်။ ပြပွဲတွင် ကုမ္ပဏီပေါင်း ၆၄ ခုမှ ပြခန်းပေါင်း ၁၆၅ ခန်းဖြင့် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ပြသထားသည်။ **အောင်သူရ**



## မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ မသန်စွမ်းအလေးမအားကစားသမားများအား အပြင်းအထန်လေ့ကျင့်ပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဦးဆုံးလက်ခံကျင်းပမည့် (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲကြီးကို ဇန်နဝါရီ ၁၄ ရက်မှ ၂၀ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပတော့မည်ဖြစ်ရာ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားနည်းများထဲမှ မသန်စွမ်းအလေးမ အားကစားနည်းမှာလည်း ပြိုင်ပွဲအတွေ့အကြုံမရှိကြသော လေ့ကျင့်မှု လပိုင်းမျှသာရှိနေကြသည်။ မသန်စွမ်းအလေးမ အားကစားသမားများမှ ပထမဦးဆုံးဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကြီးတွင် အမျိုးသား ၁၀ တန်း၊ အမျိုးသမီး နှစ်တန်းတို့မှ ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ရာ အမျိုးသားများမှာ တပ်မတော်အငြိမ်းစားမှ နှစ်ဦး၊ ဟိုတယ်/ ခရီးမှ တစ်ဦး၊ EA (ရန်သူ့လက်နက်ကြောင့် ကိုယ်အင်္ဂါစွန့်လွှတ်လိုက်ရ)စစ်သည် တပ်မတော်မှ ခုနစ်ဦးနှင့် အမျိုးသမီးများမှာ မန္တလေးတိုင်းမှ တစ်ဦး၊ စစ်သည်မိသားစုဝင်မှ တစ်ဦးတို့ဖြစ်ကြောင်းသိရကာ (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲကြီးတွင် အမျိုးသား ၁၀ တန်း၊ အမျိုးသမီး နှစ်တန်းတို့မှ ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ နိုင်ငံ့လက်ရွေးစင် နည်းပြဦးမြင့်သန်းအောင်က "ဇွန်လ ၁ ရက်ကတည်းကစပြီး တပ်မတော်ခုတင် ၃၀၀ ဆံ့ ပြန်လည်သန်စွမ်းရေးဆေးရုံမှာ စတင်လေ့ကျင့်ခဲ့ကြပါတယ်၊ အမှတ်ပေးစည်းမျဉ်းကတော့ စုစုပေါင်း သုံးကြိမ်မမယ်၊ Totalမှာ အများဆုံးမနိုင်တဲ့သူက ရွှေတံဆိပ်ရမယ်၊ ဒီမသန်စွမ်းအလေးမအားကစားနည်းက အမှတ်နဲ့တွက်တာ မဟုတ်ပါဘူး၊ ကီလိုနဲ့တွက်တာပါ၊ ကီလိုများများမနိုင်တဲ့သူက ရွှေတံဆိပ်ရမှာဖြစ်ပါတယ်။

ဝင်ရောက်ယှဉ်ပြိုင်သွားကြမယ့်သူတွေထဲမှာတော့ ခြေထောက်တန်းပြတ်၊ တစ်ချောင်းပြတ်၊ ပိုလီယိုစတဲ့ အမျိုးအစားသုံးမျိုးပါဝင်မှာပါ၊ မြန်မာအပါအဝင် အာဆီယံ(၁၁)နိုင်ငံစလုံးက ဝင်ရောက်ယှဉ်ပြိုင်ကြမှာပါ၊ သူတို့မသန်စွမ်းအလေးမ အားကစားသမားတွေရဲ့ လေ့ကျင့်မှုအပိုင်းမှာ အမြင်အရ အားရကျေနပ်မှုတွေရှိပါတယ်၊ ပထမဦးဆုံးဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုပေမယ့်လည်း အားရပါတယ်၊ လေ့ကျင့်မှုကလည်း လသားပဲရှိပါသေးတယ်၊ နုပါသေးတယ်၊ ဒါပေမယ့် အားရပါတယ်" ဟု ဆိုလေသည်။

မသန်စွမ်း အလေးမအားကစားပြိုင်ပွဲများတွင် အမျိုးသားများမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အတန်းများမှာ ၅၉ ကီလိုတန်းနှစ်ဦး၊ ၆၅ ကီလိုတန်း တစ်ဦး၊ ၇၂ ကီလိုတန်းနှစ်ဦး၊ ၈၀ ကီလိုတန်းနှစ်ဦး၊ ၈၈ ကီလိုတန်းတစ်ဦး၊ ၉၇ ကီလိုတန်းတစ်ဦး၊ ၁၀၇ ကီလိုတန်းတစ်ဦးတို့ဖြစ်ပြီး အမျိုးသမီးများမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့်အတန်းများမှာ ၆၁ ကီလိုတန်းနှင့် ၇၃ ကီလိုတန်း တစ်ဦးစီတို့ဖြစ်ကြောင်းသိရကာ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်မှ နိုင်ငံ့လက်ရွေးစင်များဖြစ်ကြသော နည်းပြချုပ်တစ်ဦး၊ နည်းပြနှစ်ဦးတို့ဖြင့် အပြင်းအထန် လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(SP)**

လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု

## လယ်ဝေးမြို့နယ် အခမဲ့ဗုဒ္ဓဓမ္မကျောင်းသင်တန်းများဖွင့်လှစ်

**လယ်ဝေး ဒီဇင်ဘာ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ ရန်ကင်းတောရကျောင်း ပရိယတ်၊ ပဋိပတ်ဌာန၌ ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ပြန့်ပွားရေးနှင့်လူငယ်မောင်မယ်များ ယဉ်ကျေးလိမ္မာမှုရှိ၍ နိုင်ငံ့သားကောင်း၊ နိုင်ငံ့သမီးကောင်းများ ပေါ်ထွန်းလာစေရေးကိုရှေးရှုလျက် ဗုဒ္ဓဓမ္မကျောင်းတော်(Sunday Dhamma School)အဖြစ် ဆရာဖြစ်အခမဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်း၌ ရန်ကင်းတောရ ပရိယတ်၊ ပရိပတ်ဌာနမှ ပဓာနနာယကဆရာတော် အရှင်ခေမာနန္ဒ ဦးစီး၍ စာတွေ့၊ လက်တွေ့ ကလေးဗဟိုပြုသင်ကြားနည်း (Child Centred Approach)ဘာသာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ (Work Shop )စင်တင်စကားပြောပွဲများ၊ (Role Play) စကားရည်လုပွဲများ၊ (Debate)အုပ်စုလိုက် ဆွေးနွေးပွဲများ၊ (Group Discussion)စာတမ်းများ ပြုစုတင်ပြစေခြင်း (Buddha Dhamma Paper Presentation) စသည် ခေတ်မီသင်ကြားနည်းတို့ဖြင့် သင်ကြားပေးလျက်ရှိသည်။

"ကလေးလူငယ်တွေကို ဗုဒ္ဓ၏ အဆုံးအမများ ရင်ထဲစွဲမြဲအောင် သင်ကြားပေးနိုင်မယ့် တစ်ခုတည်းသော စနစ်က ကလေးဗဟိုပြု C.C.A စနစ်ပါပဲ"ဟု ပဓာနနာယက ဆရာတော်က မိန့်ကြားသည်။

**ဖွင့်လှစ်**

အဆိုပါသင်တန်းကို နေပြည်တော် လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ ရန်ကင်းတောရ ပရိယတ်၊ ပရိပတ်ဌာန ဖုန်း-၀၉-၈၃၀၄၄၄၆၅၌ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

ပြည်တွင်းသတင်း



# ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲ စတုတ္ထပတ်စုပေါင်းဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ်ဒီဇင်ဘာလရောက်တိုင်း ဒီဇင်ဘာလူထုစုပေါင်းလမ်းလျှောက်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆင်နွှဲလျက်ရှိရာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲ စတုတ္ထပတ်အဖြစ် ယနေ့နံနက် ၆ နာရီက နေပြည်တော်မြို့မဈေးကြီးရှေ့မှ စတင်တာလွှတ်ရာ အဆိုပါစုပေါင်းလမ်းလျှောက်ပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသောင်းထိုက်နှင့် ဦးဇော်ဝင်း၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ NGO အဖွဲ့အစည်း အသီးသီးနှင့် ပြည်သူများတပျော်တပါး ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲခဲ့ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နေပြည်တော် မြို့မဈေးစုရပ်၌ နေရာယူကာ သေနတ်ပစ်ဖောက်တာလွှတ်၍ တောင်ညို-ပျဉ်းမနားလမ်းအတိုင်း စုပေါင်းပျော်ရွှင်စွာ လမ်းလျှောက်ကာ ကျောက်မျက်ရတနာ ပြတိုက်ရှေ့ သတ်မှတ်နေရာ၌ ပန်းဝင်ခဲ့ကြပြီး စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေးအတွဲ (၁) နှင့်(၂)တို့ကို တပျော်တပါး ပြုလုပ်ခဲ့ကြသည်။

ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲ စတုတ္ထပတ်တွင် နေပြည်တော်ရှိ အစိုးရအဖွဲ့အစည်းဝန်ကြီးဌာနပေါင်းစုံနှင့် ပြည်သူလူထုစုစုပေါင်း ၆၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြပြီး လမ်းလျှောက်ပွဲပါဝင်ဆင်နွှဲသူများအား တာဝန်ရှိသူများနှင့် စေတနာရှင်များက ရေသန့်၊ အချိုရည်၊ ကော်ဖီ၊ မုန့်နှင့် စားသောက်ဖွယ်ရာများ ဝေငှခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲသိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို မြို့နှင့် ကျေးရွာဆက်လမ်းဖွင့်

**ပွင့်ဖြူ ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နှင့် လက်ခုပ်ကျေးရွာတို့ကို ဆက်သွယ်သည့် လမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၈ နာရီက ကျင်းပသည်။

လမ်းဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် လက်ခုပ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းက မြို့နယ်ဖွံ့ဖြိုးရေးအကြောင်း ရှင်းလင်းပြောကြားပြီး ယခုဖွင့်လှစ်သော လမ်းသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ခွင့်ပြုချထားပေးသော လမ်းဖြစ်ပြီး မြေနီကျောက်စရစ်ခင်းလမ်း အမျိုးအစားဖြစ်ကာ လမ်းအရှည် ၁၉၄၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့်ထု ၉ လက်မရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ် ၂၂ သိန်း၊ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ခုနစ်သိန်း စုစုပေါင်း ငွေကျပ် ၂၉ သိန်း ကုန်ကျကြောင်း သိရသည်။

တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ယခုလက်ရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းခုနစ်လမ်း၊ တံတားတစ်စင်း၊ ကျေးလက်ရေပေးရေးလုပ်ငန်းလေးခု၊ ကျေးရွာအမျိုးသား၊ အမျိုးသမီးဘော်ဒါဆောင် တစ်ဆောင်တို့အား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ လက်ခုပ်ကျေးရွာအုပ်စုမှ ပြည်သူတစ်ဦးက ထိုကဲ့သို့ လမ်းဖောက်ပေးခြင်းကြောင့် လမ်းကိုရာသီမရွေး အသုံးပြုနိုင်ပြီဖြစ်သဖြင့် ကျေးလက်လူထုကိုယ်စား ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။ **ပွင့်ဖြူ-ခင်မောင်ဌွေး**

# ထိုင်း-မြန်မာနယ်စပ်ရှိ မယ်လ(ဘဲကလော်)မြန်မာဒုက္ခသည်စခန်း မီးလောင်မှုဖြစ်ပွား ထိခိုက်ပျောက်ဆုံးမှုနှင့် လူနေအိမ်အများဆုံးလောင်ကျွမ်းခြင်းမှာ ပထမဆုံးဖြစ်

**ဗန်ကောက် ဒီဇင်ဘာ ၂၈**

ထိုင်း-မြန်မာ နယ်စပ်ဖြစ်သော ထိုင်းနိုင်ငံ မဲဆောက်မြို့ မြောက်ဘက် ကီလိုမီတာ ၆၀ နီးပါး အကွာအဝေးရှိ လူဦးရေ ငါးသောင်းဝန်းကျင် နေထိုင်သော မယ်လ (ဘဲကလော်) မြန်မာဒုက္ခသည်စခန်းတွင် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူနေအိမ် ၁၀၂ လုံးမီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာများ အဖွဲ့၏ ဆက်သွယ်ပြောချက်အရ သိရသည်။



ဖြစ်စဉ်မှာ ထိုင်း-မြန်မာနယ်စပ် ထိုင်းနိုင်ငံ မဲဆောက်မြို့ရှိ မယ်လ (ဘဲကလော်)မြန်မာဒုက္ခသည်စခန်း၊ ဇုန်(စီ) ရပ်ကွက် (၃)၌ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားရာ **(အပေါ်ပုံ)** အဆိုပါနေရာရှိ ကျောင်းသားဘော်ဒါဆောင်တစ်ခုတွင် ဝိုင်ယာရှော့ခ်ဖြစ်ပြီး စတင်လောင်ကျွမ်းခြင်းဖြစ်သည်ဟု သိရသည်။ မီးစတင်လောင်ကျွမ်းရာတွင် အိမ်ရှင်တချို့က ၎င်းတို့၏ နေအိမ်ကို မဖျက်ဆီးချင်သောကြောင့် မီးညွန့်အရှိန် တဖြည်းဖြည်းရလာပြီး ယခုကဲ့သို့ မီးလောင်ပျက်စီးမှု များပြားရခြင်းဖြစ်သည်ဟု ဆိုသည်။

ယခု မီးလောင်ကျွမ်းမှုသည် ထိုင်းစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီအထိ အချိန်အားဖြင့် တစ်နာရီခွဲကြာမြင့်ခဲ့ကြောင်း၊ မီးကူးစက်လောင်ကျွမ်းခံရသည့် နေအိမ်များမှ ဒုက္ခသည်များမှာ နီးစပ်ရာ အသိအိမ်များတွင် ခေတ္တခိုလှုံခဲ့ကြရကြောင်း ထိုင်းနိုင်ငံရောက်မြန်မာများအဖွဲ့က ဆက်သွယ်ပြောပြသည်။

မယ်လ(ဘဲကလော်)မြန်မာဒုက္ခသည်စခန်း တာဝန်ရှိသူများက "နောက်ပိုင်း လေက ကားလမ်းမကြီးဘက်ကို လမ်းကြောင်းပြောင်းသွားတော့ မီးသတ်ကားနှစ်စီး ရောက်ရှိလာပြီး အလွယ်တကူရေပက်လို့ရတာရယ်၊ လူအင်အားများတာရယ်ကြောင့် မီးငြိမ်းသတ်နိုင်တာ ဖြစ်ပါတယ်။ လောလောဆယ် လူနေအိမ် ၁၀၂ လုံး မီးလောင်ကျွမ်းသွားတယ်။ နောက်ပြီး ကလေးတစ်ဦးပျောက်ဆုံးနေတယ်။ ကလေးတစ်ဦး၊ လူကြီးတစ်ဦးဒဏ်ရာရသွားတယ်" ဟု ပြောကြားသည်။

အလားတူ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလပိုင်းကလည်း ထိုင်း-မြန်မာနယ်စပ် တာ့ခ်ခရိုင် ဖုတ်ဖရမြို့နယ်ရှိ အုန်းဖျန် မြန်မာဒုက္ခသည်စခန်း၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ လူနေအိမ် ၃၀၀၀ ကျော်ပျက်စီးပြီး သောင်းနှင့်ချီသော ဒုက္ခသည်များအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ထိုင်းနိုင်ငံမဲဆောက်မြို့ရှိ အဆိုပါမယ်လ (ဘဲကလော်) မြန်မာဒုက္ခသည်စခန်းမှာ ယခင်က မီးလောင်ကျွမ်းမှုများအနည်းငယ်ရှိခဲ့သော်လည်း ယခုကဲ့သို့ ထိခိုက်ပျောက်ဆုံးမှုနှင့် လူနေအိမ်အများဆုံး မီးလောင်ကျွမ်းမှုမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ထိုင်းနိုင်ငံရောက်မြန်မာများအဖွဲ့က ထုတ်ပြန်ခဲ့သည်။ **စိုးဝင်း(SP)**

# ဘားအံ-သထုံအဝေးပြေးလမ်းမပေါ်တွင် ၁၂ ဘီးယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**ဘားအံ ဒီဇင်ဘာ ၂၈**

ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ဘားအံ-သထုံ ကားလမ်းပေါ်တွင် ယာဉ်တိမ်းမှောက်မှုသတင်းအရ မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်အောင်သန်း၊ နယ်ထိန်းတပ်ကြပ်ကြီး အောင်မြင့်ဦးနှင့် သက်သေအဖြစ် အောက်ကော့ရင်းကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များဖြစ်သော ဦးစောဝင်းအောင်၊ ဦးလှဝင်းတို့နှင့်အတူ အခင်းဖြစ်ရာသို့ သွားရောက်စုံစမ်းစစ်ဆေးခဲ့ရာ မြဝတီကုန်သွယ်ရေးဇုန်မှ အခွန်ဆောင်ကုန်ပစ္စည်း ခုနစ်မျိုးတင်ဆောင်ထားပြီး ယာဉ်မောင်း မောင်မောင်ကြီး(ခ)ရခိုင် (၂၆ နှစ်) ဘောင်းဒွပ်ကျေးရွာ မြောက်ဦးမြို့နယ် မောင်းနှင်ပြီး ယာဉ်နောက်လိုက် မျိုးဇော်ထွန်း (၃၂ နှစ်) အောင်မေတ္တာလမ်း သမိုင်း ရန်ကုန်မြို့နေသူတို့ လိုက်ပါစီးနင်းလာခြင်းဖြစ်ကြောင်း၊ အဆိုပါယာဉ်အမှတ် 5F/---(YGN) ဖူဆိုအမျိုးအစား ၁၂ ဘီး အပြာရောင်ကားသည် ဘားအံဘက်မှ သထုံဘက်သို့ မောင်းနှင်လာစဉ် ဘားအံမြို့နယ် အောက်ကော့ရင်းကျေးရွာအနီး မိုင်တိုင်အမှတ် (၂/၁၇) နှင့် (၃/၁၇) အကြား လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ ကားလမ်းမ ဝဲဘက်ခြမ်းသို့ တိမ်းမှောက် သွားခဲ့ပြီး **(အောက်ပုံ)** ယာဉ်မောင်း မောင်မောင်ကြီး(ခ)ရခိုင်တွင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ ယာဉ်နောက်လိုက်တွင်မူ ဒဏ်ရာရရှိခဲ့ခြင်းမရှိဘဲ ယာဉ်မောင်းအား ဘားအံပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်ကာ ဆေးကုသမှုခံယူစေခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ မောင်မောင်ကြီး(ခ)ရခိုင်အား ဘားအံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**



**▲ ရှေ့ဖုံးမှ**

အခမ်းအနားတွင် တပ်မမှူး ဗိုလ်မှူးချုပ်သိုက်စိုးက ဖားကန့်တံတားသည် ရခိုင်နွန်းပြည့်ပြီးစီးနေပြီး ကျန်ရှိသည့် လုပ်ငန်းများဖြစ်သော မရှိကထောင်ဘက်ကမ်း ချဉ်းကပ်လမ်းမြေဖို့ခြင်းလုပ်ငန်း၊ မြို့မနှင့် ငှက်ပျောတောဘက်ကမ်း ချဉ်းကပ်လမ်းမြေဖို့ခြင်းလုပ်ငန်း၊ တံတားပေါ် ကတ္တရာခင်းခြင်းလုပ်ငန်း၊ မရှိကထောင်ဘက်နှင့် မြို့မငှက်ပျောတောလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများကိုစနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။

**တည်ရှိ**

အဆိုပါ ဥရုရတနာ (ကျောက်စိမ်းတောင်) တံတားသည် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်၊ မြို့မရပ်ကွက်နှင့် မရှိကထောင်ရပ်ကွက်ကြားတွင်တည်ရှိပြီး တံတားအမျိုးအစားမှာ သံပေါင်ကွန်ကရစ်တံတားဖြစ်သည်။ အရှည် ပေ ၄၀၀၊ တံတားအကျယ် ၃၃ ပေ၊ အမြင့် ၂၅ ပေ၊ ခန်းဖွင့်အကျယ်ပေ ၂၀၀၊ ခန်းဖွင့် (၂) ခန်း၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ (နှစ်လမ်းသွား) လူသွားလမ်း အကျယ် ၃ ပေ ၃ လက်မ၊ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

**နည်းပညာပံ့ပိုး**

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၇ ရက်က လုပ်ငန်းစတင်ခဲ့ပြီးဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် အငယ်တန်းအင်ဂျင်နီယာ (၂) မြို့ပြ ဦးဆန်နီသိန်းက အနီးကပ်ကြီးကြပ် တာဝန်ယူ တည်ဆောက်ခဲ့သည်။

တံတားအလှူရှင်မှာ ကျောက်စိမ်းတောင် ကျောက်မျက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိန်ဝင်း-ဒေါ်ခင်သန်းကြည် ကုမ္ပဏီမိသားစုဖြစ်ပြီး ၎င်းတို့၏ လှူဒါန်းမှုများမှာ ဖားကန့်မြို့နယ်တွင် တံတားသုံးစင်းနှင့် မြို့လယ်ဓမ္မာရုံကြီးတို့ဖြစ်ကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

ပြည်တွင်းသတင်း

# ဆည်ရေသောက်ခိုင်မာသည့် မြို့နယ် တစ်မြို့နယ်စီအားရွေးချယ် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး အဆင့်ဆင့်ကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၂၈

**မြန်မာတစ်နိုင်ငံလုံးရှိ တောင်သူလယ်သမားများ၏ လူနေမှုဘဝတိုးတက်မြင့်မားလာစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ဘက်စုံကဏ္ဍစုံတွင် ပိုမိုတိုးတက်လာစေရေးကို ရည်ရွယ်ကျင်းပသည့် ဒက္ခိဏသီရိမြို့နယ်လုံးကျွတ် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စံပြစိုက်ကွင်းခန်းမဆောင်၌ ကျင်းပသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ခန်းမဆောင်အနီးတွင် ခင်းကျင်းပြသထားသည့် စိုက်ပျိုးသီးနှံများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် တောင်သူလယ်သမားများအနေဖြင့် မြေသယံဇာတကို ထိရောက်စွာအသုံးပြုပြီး သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်ခြင်းအားဖြင့် ရေရှည်တွင် စိုက်ပျိုးရေးမှ ဝင်ငွေ အကျိုးအမြတ် ပိုမိုတိုးတက်မှု ရရှိနိုင်ပါကြောင်း၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန်မှာ မဖြစ်မနေ ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဒက္ခိဏသီရိမြို့နယ်တွင် ၃၃၆၄ ဧက အပါအဝင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ၆၃၈၂ ဧကအား အဆင့်မြင့် လယ်ယာမြေအဖြစ် ဖော်ထုတ်ပြီးဖြစ်ပါကြောင်း၊ ယခုအခါ နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရှစ်မြို့နယ်တွင် စက်မှုလယ်ယာစနစ်သို့ ဧကတစ်သောင်း ရာနှုန်းပြည့်ကူးပြောင်းဖော်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စံပြစိုက်ကွင်းခန်းမဆောင်အနီး၌ ခင်းကျင်းပြသထားသည့် စိုက်ပျိုးသီးနှံများအား ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တစ်မြို့နယ်လုံးတွင် စိုက်ပျိုးနိုင်သော မြေဧရိယာဧက ၇၀၀၀ ကျော်ရှိပြီး မိုးစပါး၊ နွေစပါးစိုက်ဧက ရှစ်ထောင့်လေးရာအပါအဝင် သီးနှံမျိုးစုံအား ဧကတစ်သောင်းငါးထောင်ကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ သီးနှံစိုက်စွမ်းအား ၂၀၈ ရာခိုင်နှုန်းအထိ စိုက်ပျိုး ထုတ်လုပ်လျက်ရှိသော မြို့နယ်တစ်ခု ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများ၏ ထွက်ရှိသော သီးနှံများသည် ဝင်ငွေတွက်ခြေကိုက်ပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဈေးကွက်ရရှိရန်လိုအပ်ပါကြောင်း။

ဆန်စပါးသည် နိုင်ငံတော်၏ အဓိက စားသုံးသီးနှံဖြစ်ပြီး ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် နိုင်ငံရေးအရ အဓိကကျသော သီးနှံဖြစ်သည်နှင့်အညီ နိုင်ငံနှင့်အဝန်း လူနေမှုဘဝမြင့်မားကာ ဝင်ငွေတိုးတက်မှု ရရှိစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများအဓိက စိုက်ပျိုးထုတ်လုပ်နေသော စပါး အပါအဝင် သီးနှံအမယ်များအလိုက် မျိုးကောင်းမျိုးသန့်မျိုးစေ့များပြောင်းလဲနိုင်ရေးတာဝန်အား အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

အရည်အသွေး ပြည့်မီသည့် သွင်းအားစု ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများကို စနစ်တကျ အချိန်ကိုက် အချိုးကျအသုံးပြုမှသာလျှင် သီးနှံများအထွက်တိုးမည်ဖြစ်ပါကြောင်း၊ ယင်းတို့ကို တောင်သူများ အသုံးပြုနိုင်ရေးကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆည်ရေသောက်ခိုင်မာသည့် မြို့နယ် တစ်မြို့နယ်စီအား စံနမူနာပြ ရွေးချယ်ပြီး စက်မှုလယ်ယာစနစ်သို့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အပြည့်အဝ ကူးပြောင်းနိုင်ရေး အတွက် အဆင့်ဆင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလွင်ဦးက မြို့နယ်အတွင်း အခြေခံလိုအပ်ချက်များဖြစ်သည့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိမှု၊ လျှပ်စစ်မီးရရှိမှု၊ စိုက်ပျိုးမြေများ ပိုမိုကောင်းမွန်လာစေရန်အတွက် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်ပြီးစီးမှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍများတွင် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအပေါ် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေက နေပြည်တော် ကောင်စီနယ်မြေအတွင်း ဆောင်ရွက်လျက်ရှိသည့် လယ်ယာကဏ္ဍ တိုးတက်ရေးဆိုင်ရာများအပေါ် ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ဆည်ရေသောက်စနစ်၊ အဆင့်မြင့် လယ်ယာဖော်ထုတ်ပြီးစီးမှုနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက တောင်သူလယ်သမားများ၏ လိုအပ်ချက်ဖြစ်သည့် မျိုးကောင်းမျိုးသန့်များ ရရှိအသုံးပြုရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ် အပါအဝင် တစ်ဧကဝင်ငွေ အကျိုးအမြတ်ရှိသည့် သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးမှုနှင့် လေလွင့်ဆုံးရှုံးမှုနည်းစေရန် မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများတွင် အသုံးပြုရန် စက်ကိရိယာများ လိုအပ်ချက်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထိုင်းနိုင်ငံ Big M Company မှ Chairman, Mr.Mong Kol နှင့် တာဝန်ရှိသူတစ်ဦးက နေပြည်တော်ကောင်စီနယ်မြေတွင် ကညွတ်အပါအဝင် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး အအေးခန်း စက်ရုံများ တည်ထောင်ကာ နိုင်ငံတကာဈေးကွက်သို့ တင်ပို့မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မာလာမြိုင်ကုမ္ပဏီ ဒါရိုက်တာဒေါ်လဲ့လဲ့ဦးက နေပြည်တော်ကောင်စီနယ်မြေတွင် သခွားမွှေး၊ သရက်သီးများအား တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး စင်ကာပူနိုင်ငံ အရှေ့အလယ်ပိုင်းနိုင်ငံများနှင့် ဥရောပဈေးကွက်များသို့ တင်ပို့ရောင်းချမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တောင်သူလယ်သမား ကိုယ်စားလှယ်များက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာကဏ္ဍ ပိုမိုတိုးတက်ရေးဆိုင်ရာများအပေါ် လိုအပ်ချက်များနှင့်စပ်လျဉ်းပြီး တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် စက်စက်ယိုဆည်ရေသောက်စနစ် အဆင့်မြင့်စံပြစက်မှုလယ်ယာ တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စံပြစိုက်ကွင်းတွင် စိုက်ပျိုးထားသော အော်ဂဲနစ်သဘော်စိုက်ခင်း၊ သခွားမွှေးနှင့် ဖရဲ၊ ကန်စွန်းဥစိုက်ခင်းများ အပါအဝင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ၌ တောင်သူလယ်သမားများ ဝန်ဆောင်မှုအတွက် လယ်ယာသုံးစက်ကိရိယာများ သိုလှောင်မည့်နေရာသို့သွားရောက် လေ့လာခဲ့ကြပြီး တောင်သူပညာပေးစခန်း၌ မျိုးကောင်းမျိုးသန့်၊ မျိုးပွားပိန်းစိုက်ခင်းကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

**(သတင်းစဉ်)**

❍ *ကျော်ဖုံးမှ*

တိုင်းပြည် တည်ငြိမ်အေးချမ်းလာတာကြောင့်ဖြစ်ပါတယ်။ စီးပွားရေးပညာရှင်တွေအများစု ခန့်မှန်းတာက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အမေရိကန်ဒေါ်လာ သုံးဘီလီယံ ဝင်ရောက်မယ်လို့ မျှော်မှန်းခဲ့ကြတယ်။ လက်ရှိမှာ ဒီအခြေအနေရောက်ရှိခဲ့လို့ ကျန်ရှိတဲ့ဘဏ္ဍာရေးကာလမှာ ဝင်ရောက်မှုတွေက ရည်မှန်းချက်ကို ကျော်လွန်မယ့် ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်လာမှာပါ" ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဦးအောင်နိုင်ဦးက ပြောကြားသည်။

ပြီးခဲ့သည့်၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်က ပြည်ပရင်းနှီးမြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း ဝင်ရောက်ခဲ့ပြီး စီးပွားရေးလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပုံမှန်တိုးတက်သည့်နှစ်အဖြစ် သုံးသပ်ခဲ့ကြသည်။ ယခုဘဏ္ဍာရေးနှစ်တွင်မူ ရှစ်လတာကာလအတွင်း ရည်မှန်းချက် ပြည့်မီလုနီးပါး ရရှိခဲ့ခြင်းဖြစ်သည်။

"အများဆုံးကတော့ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံတာဖြစ်ပါတယ်။ ၂၀၁၄ မှာလည်း အများဆုံး ရင်းနှီးမြှုပ်နှံမှာက ဂျပန်နိုင်ငံကပဲဖြစ်ပါလိမ့်မယ်။ သီလဝါ စက်မှုဇုန်ဖော်ဆောင်ပြီးမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မတိုင်မီ နောက်ထပ်ဝင်ရောက်ဖို့ စီစဉ်နေတဲ့လုပ်ငန်းတွေ အများအပြားရှိတယ်။ ခွင့်ပြုမိန့်လျှောက်ထားသူ invester တွေ ရင်းနှီးမြှုပ်နှံတာ ဒေါ်လာသန်း ၃၀၀ ရှိနေပြီးပြီ။

"ဒီနှစ် ဘဏ္ဍာရေးနှစ်မှာပဲ ဆက်သွယ်ရေးအော်ပရေတာတွေနဲ့ စာချုပ် ချုပ်ဆိုသွားဖို့ ရှိနေသေးတော့ အဲဒီကနေ ဝင်ငွေကန်ဒေါ်လာ တစ်ဘီလီယံ ထပ်မံရရှိဦးမှာပါ။ ကျန်တဲ့ လေးလတာကာလအတွင်း ရည်မှန်းထားတဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သုံးဘီလီယံကို ကျော်လွန်သွားမှာဖြစ်ပါတယ်" ဟု ဦးအောင်နိုင်ဦးက ပြောကြားသည်။

ပြည်ပမှ အများဆုံး ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းများမှာ စွမ်းအင်ကဏ္ဍ၊ ဓာတ်သတ္တုတူးဖော်ရေး၊ အထည်ချုပ်ကဏ္ဍနှင့်စက်မှုလုပ်ငန်းများကဏ္ဍတို့ဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးနောက်ပိုင်း ဝင်ရောက်မှု သိသာစွာတိုးမြှင့်လာခဲ့ကြသည်။

"စက်မှုလုပ်ငန်းတွေမှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ဝင်ရောက်ဖို့လိုအပ်ပါတယ်။ လက်ရှိမှာ အထည်ချုပ်လုပ်ငန်းက ပြန်လည်ဦးမော့လာနေပြီး နောက်ထပ်အကြီးစား စက်မှုလုပ်ငန်းတွေ ဝင်ရောက်လာမှ တိုင်းပြည်အတွင်းမှာ တစ်ဦးချင်းဝင်ငွေ တိုးစေမယ့် အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိမှာပါ။ ကျွန်တော့်အမြင်ကို ပြောရရင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က အားလုံးမျှော်မှန်းထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ၃ ဘီလီယံထက် အနည်းဆုံး ဒသမ ၅ ကနေ ဒသမ ၇ အထိ ထပ်မံဝင်ရောက်မှာပါ" ဟု ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ဦးအောင်နိုင်ဦးက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ သတင်းအချက်အလက်များအရ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်သည် သဘာဝသယံဇာတနှင့် တွင်းထွက် ဓာတ်သတ္တု၊ ရေနံစသည့် စွမ်းအင်ကဏ္ဍ၌ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများပြားခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်တွင်မူ စက်မှုလုပ်ငန်းများအတွင်း အဓိက ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခင်ရတနာ**

# လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲကျင်းပ

**ပန်ဆိုင်း(ကြူကုတ်) ဒီဇင်ဘာ ၂၈**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု အထိမ်းအမှတ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲကို ပန်ဆိုင်း(ကြူကုတ်)မြို့နယ်ခွဲရှိ အထကကျောင်းတွင် ဒီဇင်ဘာ ၂၂ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အဆိုပါ ပြိုင်ပွဲကို မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးစိုးမိုးနိုင်နှင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ ပူးပေါင်းဦးဆောင်၍ အထက၊ အမက(၁)၊ အမက (၂) ရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၀၀ ခန့်ဖြင့် အားကစားနည်း ၁၂ မျိုးကို ယှဉ်ပြိုင်ကျင်းပသည်။ ပြိုင်ပွဲကို မြို့နေပြည်သူများက ကြည့်ရှုအားပေးကြပြီး ဆုရရှိသူများကို ရပ်မိရပ်ဖနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှအေးက ဆုများပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**အယ်လ်စိုး(iprd)**

# Alpine Brand Ambassador အဖြစ် မိုးစက်ဝိုင်ကို ခန့်အပ်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

Alpine Brand Ambassador အဖြစ် Miss Universe Myanmar မိုးစက်ဝိုင်အားခန့်အပ်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်တွင် ကျင်းပသည်။

**လက်မှတ်ရေးထိုး**

အခမ်းအနားတွင် ရှေးဦးစွာ လွယ်ဟိန်းကုမ္ပဏီဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်းက အမှာစကားပြောကြားသည်။ ယင်းနောက် လွယ်ဟိန်းကုမ္ပဏီ ဥက္ကဋ္ဌဒေါက်တာစိုင်းဆမ်ထွန်း၊ ဒုတိယဥက္ကဋ္ဌဦးဟန်မင်းထွဏ်းနှင့် Miss Universe Myanmar မိုးစက်ဝိုင်တို့က Alpine Brand Ambassador အဖြစ် ခန့်အပ်ခြင်းစာချွန်လွှာ၌ လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ လွယ်ဟိန်းကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း၏ဇနီး ဒေါ်ဂျူလီယာက မိုးစက်ဝိုင်ကို Alpine Brand Ambassador စလွယ်ကိုပေးအပ်ပြီး မိုးစက်ဝိုင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

သတင်းဆောင်းပါး

# အချိုးညီသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှု

ရန်ကြီးအောင်

"ကျုပ်တို့ဆီမှာ ဒီတစ်ဝက်သာမိုးရွာလို့ကတော့ဗျာ. . . ဒီလာဈေးရောင်းစရာ တောင်မလိုပါဘူး၊ ကိုယ့်ဆီမှာတင် တောင်သူလုပ်စားမှာပေါ့"ဟု ရန်ကုန်မြို့သိမ်ဖြူလမ်းဘေးပလက်ဖောင်းတွင် အသုပ်စုံရောင်းချနေသူ ကိုကျော်မိုးလွင်က ပြောပြသည်။ ၎င်းမှာ မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ ကျေးရွာတစ်ရွာမှဖြစ်သည်။ ရန်ကုန်မြို့တွင် မိုးကောင်းသလောက် သူ့ရွာတွင် မိုးနည်းသဖြင့် တောင်သူလုပ်ကိုင်၍မကောင်းပုံကို သူကညွှန်း၍ပြောဆိုနေသည်။ သူ့ရွာမှ လူ ၁၀ ဦးခန့်မှာ ရန်ကုန်သို့ လာရောက်၍ မုန့်ဖတ်သုပ်၊ အစုံသုပ်၊ ရခိုင်မုန့်တီစသည့် အသုပ်စုံကို အထမ်းကလေးဖြင့် ရောင်းချနေကြသည်မှာ ၁၀ နှစ်မက ကြာပြီဟုဆိုသည်။

"ဥတုကမကောင်းတော့ ရွာမှာလုပ်စားလို့မဖြစ်တော့ဘူးလေ၊ ဒါကြောင့်ဒီမှာလာလုပ်ရတာပေါ့၊ ဟိုမှာတော့ လူပန်း၊ နွားပိန်ရုံကလွဲပြီး ကျောမွဲဘဝကနေပြောင်ရောင်လာဖို့လမ်းမမြင်ဘူး"ဟု ၎င်းကဆက်၍ပြောပြသည်။

သူ့လိုပင် ရန်ကုန်မြို့၌ အလုပ်ပေါင်းစုံလုပ်၍ အသက်မွေးဝမ်းကျောင်းနေကြသူ အများစုမှာ အညာဒေသမှလာရောက်ကြသူက များသည်။ ညဥ့်နက်သန်းခေါင်အချိန်အထိ ပဲနံပြား၊ ပဲနံပြား အော်၍ ရောင်းနေသူတစ်ယောက်ကိုမေးကြည့်တော့ ဆားလင်းကြီးနယ်ဘက်ကဖြစ်နေသည်။ ညနေပိုင်းတွင် အထမ်းကလေးဖြင့် မုန့်ဟင်းခါးရောင်းနေသူ တချို့မှာ တောင်တွင်းကြီး မြို့သစ်ဇာတိများဖြစ်သည်။ သူတို့တစ်တွေ မေးကြည့်တော့ သူတို့ရပ်ရွာမှာ မိုးလေကမမှန်၊ လယ်ယာမြေများမှာလည်း လွင်တီးခေါင်ဖြစ်၍ တောင်သူလည်းလုပ်၍မကောင်း၊ မြောက်သူလည်းလုပ်၍ အဆင်မပြေဟု ဆိုကြသည်။

ကိုယ့်ရပ်ရွာမှာ လုပ်ကိုင်စားသောက်၍ အဆင်ပြေလျှင် မည်သူမျှတခြားအရပ်သို့သွားရောက် ဝမ်းစာရှာလိမ့်မည်မဟုတ်ပေ။ ကျောတစ်ခင်းစာအတွက် အလွန်ခက်ခဲသည့်ရန်ကုန်လို မြို့ကြီးတွင် ရရာလုပ်ကိုင်စားသောက်ရသည်မှာလည်း တကယ်တမ်းကျလွယ်ကူသော အလုပ်မဟုတ်။ လာရောက်သူအများစုမှာ မိုးနည်းရပ်ဝန်းဖြစ်သည့် အညာဒေသမှ အညာသားများဖြစ်သည်။ သတ္တုချကြည့်တော့ သူတို့ဆီမှာမိုးမမှန်၍၊ ရာသီဥတုမကောင်း၍ ဆိုသောအဖြေကိုရသည်။

မှန်သည်။ အညာဒေသတွင် မိုးနည်းသည်ဆိုသော်ငြား ယခင်က စိုက်ပျိုး၍ရသည့် မိုးတစ်ကိုယ်စွတ်ကတော့ နှစ်တိုင်းရွာတတ်သည်။ မိုးဦးမကောင်းသော်ငြား မိုးလယ်နှင့်မိုးနှောင်း ကောင်းတတ်သည်။ သို့သော် ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ရာသီဥတုမမှန်တော့သလို မိုးကလည်း ရွာချင်မှရွာတော့သည်။ စိုက်ချိန်မရွာ၊ ရိတ်ချိန်ကျမှ ရွာချင်ရွာသည်။ စိုက်ပျိုးထားသမျှ အသီးအပွင့်များ လေလွင့်ဆုံးရှုံးရသည်။ ပြီးခဲ့သည့်



အညာဒေသရှိ ဇောဓိတစ်ထောင် သစ်တောပျိုးဥယျာဉ်။

မိုးတွင်းကပင် စိုက်ချိန်ဖြစ်သည့် မိုးဦးမှာကျ ကောင်းကောင်းမရွာ၊ မိုးနှောင်းကျ ကောင်းလွန်း၍ စပါးခင်းတော်တော်များများ ပျက်စီးခဲ့ရသည်။ မိုးမှန်မှန်မရွာတော့ မြေတွေပျက်သည်။ မြေဆီဩဇာနည်းပါးပြီး သဲဆန်လာသည်။ အဆုံးတွင်မူ စိုက်မှပျိုးမှ စားရသော၊ စိုက်ပျိုးရေးကိုသာလုပ်တတ်သော တောင်သူများမှာ စိုက်ရပျိုးရမည်ကိုပင် ရွံ့တွန့်တွန့်ဖြစ်လာကြသည်။

တကယ်တော့ ရာသီဥတု ဖောက်ပြန်လာရခြင်းအကြောင်းရင်းမှာ လူတို့၏ပယောဂနှင့်မကင်း၊ မကြာမီကထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအစီရင်ခံစာတစ်စောင်တွင် လူသားတို့ကြောင့် ရာသီဥတုဖောက်လွဲဖောက်ပြန်ဖြစ်ရခြင်းမှာ ၉၅ ရာခိုင်နှုန်းသေချာကြောင်း ဖော်ပြခဲ့သည်။ လူဦးရေက စဉ်ဆက်မပြတ်တိုးပွားနေမှုနှင့်အတူ လူနေမှုစနစ်သည်လည်း သိသာစွာ တိုးတက်ပြောင်းလဲလျက်ရှိသည်။ ထိုသို့ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ မြေ၊ရေ၊လေနှင့် သဘာဝသယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲမှုမှာလည်း တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလာသည်။ ကမ္ဘာ့ပတ်ဝန်းကျင်ဖွဲ့စည်းမှုအခြေအနေမှာ ယိုယွင်းပျက်စီးလာသည်။ ယင်းသို့ ယိုယွင်းလာမှုများကြောင့် ယနေ့အခါ ကမ္ဘာကြီး ပိုမိုပူနွေးလာသည်။ မြေထု၊ ရေထုနှင့်လေထုများ ညစ်ညမ်းလာသည်။ အိုဇုန်းလွှာ ပျက်စီးလာပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲလာသည့်အပြင် ပုံမှန်မဟုတ်သော ကမောက်ကမ ရာသီဥတုများပင် ဖြစ်ပေါ်လာသည်။ ဇီဝမျိုးစုံမျိုးကွဲများနှင့်ဂေဟစနစ်များ ယိုယွင်းပျက်စီးလာသည်။ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်းကဲ့သို့သော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့လာရသည်။

ထိုသို့ ဖြစ်ပေါ်လာရခြင်း၏အဓိကအကြောင်းအရင်းများအနက် စက်ရုံ၊ အလုပ်ရုံများက ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများပြားလာခြင်းနှင့် သစ်တောများပြုန်းတီးလာခြင်းတို့မှာ ပဓာနကျသည်ဟုဆိုကြသည်။

စက်မှုဖွံ့ဖြိုးခြင်းနည်းပါးသော မိမိတို့နိုင်ငံတွင်မူ သစ်တောများပြုန်းတီးလာခြင်းကိုသာ ယိုးမယ်ဖွဲ့ရပေမည်။ သစ်တောများလျော့ပါးလာရခြင်း အကြောင်းရင်းများအနက် ဒေသနေပြည်သူများက မိမိစားဝတ်နေရေးအတွက် သစ်၊ ဝါးများကို ခုတ်ယူအသုံးပြုနေပြီး



သစ်ပင် သစ်တောများ ပေါက်ရောက်ရှင်သန်မှုသည် သဘာဝပတ်ဝန်းကျင် တည်တံ့ခိုင်မြဲရေးအတွက် အရေးပါလှပေရာ ပုပ္ပားတောင်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာနေမှုကို ဤသို့ တွေ့ရသည်။

ပြန်လည်အစားထိုး စိုက်ပျိုးမှုမရှိခြင်းမှာလည်း အကြောင်းရင်းတစ်ချက်ဖြစ်သည်ကို သတိပြုရပေမည်။

တစ်နိုင်ငံလုံးတွင် ကျေးလက်နေလူထုမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး ယင်းကျေးလက်နေအိမ်ထောင်စု၏ ၇၀ ရာခိုင်နှုန်းမှာ ချက်ပြုတ်စားသောက်ရန်အတွက် လောင်စာအဖြစ် ထင်းနှင့် မီးသွေးကို အသုံးပြုနေရသည်ဟု သစ်တောဦးစီးဌာနမှ ကောက်ယူသည့် စာရင်းအရ သိရှိရသည်။ ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိသည့်အနက် ရွာအများစုမှာ လျှပ်စစ်ဓာတ်အားမရရှိသေးပေ။ လောင်စာအတွက် လျှပ်စစ်မီးဖိုမသုံးနိုင်သေး၊ ထင်းအစား အခြားလောင်စာအသုံးပြုမှုမှာလည်း မတွင်ကျယ်၊ ထို့ကြောင့် ရွာပေါင်း ၄၅၀၀၀ ခန့်ရှိ အိမ်ထောင်စုများမှာ လွယ်လွယ်ရနေသည့် ထင်းကိုသာ အားပြုချက်ပြုတ်နေရသည်။ ထိုစာရင်းတွင် ရွာကြီးတစ်ရွာမျှသာရှိသော၊ လျှပ်စစ်ဓာတ်အား မရသေးသော တောမြို့ကလေးများ မပါသေးပေ။ သို့သော်ယခုအချိန်တွင် သစ်ပင်နည်းပါးလာသည့်အတွက် ထင်းပင်လျှင် ရှားပါးပစ္စည်းစာရင်းဝင်ဖြစ်လာသည်။ မီးသွေးကို ဈေးကြီးပေးဝယ်နေရသည်ကိုလည်း အိမ်ရှင်မတိုင်းအသိ။ ကျေးလက်ရော၊ မြို့ပြတွင်မှာပါ ထင်းသည် မရှိမဖြစ် အခြေခံပစ္စည်းတစ်ခုဖြစ်နေသည်။ တစ်နိုင်ငံလုံး နှစ်စဉ်ထင်းလိုအပ်ချက်မှာ ကုဗတန် ၁၆ ဒသမ ၅၃သန်း ဖြစ်သည်။ ကျေးလက်နေအိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် ထင်း ၂ ဒသမ ၅ ကုဗတန်အသုံးပြု၍ မြို့ပြနေ အိမ်ထောင်စုတစ်စုသည် တစ်နှစ်ထင်း ၁ ဒသမ ၄ တန်အသုံးပြုသည်ဟု သစ်တောဦးစီးဌာနက ခန့်မှန်းထားသည်။ ထို့အပြင် အများစုမှာနေစရာအတွက် သစ်၊ ဝါးများဖြင့်သာ အိမ်ကိုဆောက်လုပ်ကြရသည်။ တိုက်တာဖြင့် နေထိုင်သည်ဆိုဦးတော့၊ အုတ်ဖုတ်ရန်အတွက် ထင်းကိုမဖြစ်မနေသုံးစွဲရသည်သာ။

တလောက မန္တလေးမှ ရန်ကုန်သို့ အမြန်လမ်းမကြီးပေါ်မှခရီးသွားရင်း အသက် ၆၀ ခန့်ရှိ ခရီးသွားဖော်တစ်ဦးက သူ့ရွာမှာ နွားထိုးကြီးမြို့နယ် စည်သာရွာအနီးရှိ ရွာတစ်ရွာဖြစ်ကြောင်း၊ ၎င်းတို့ငယ်စဉ်က ရွာအနီးတစ်ဝိုက်မှာပင် သစ်၊ ဝါး ပေါများကြောင်း၊ သို့သော် ရွာသားများက ထင်းခုတ်၊ မီးသွေးဖုတ်ကြသည့်အတွက် တစ်တောလုံး တောင်ကတုံးဖြစ်သွားရကြောင်းဖြင့် ပြောပြသည်။

" သစ်၊ ဝါးမရှိတော့တာနဲ့ မိုးလေဝသကလည်းမမှန်တော့ဘူး၊ မိုးမမှန်တော့ စိုက်မဖြစ်၊ ပျိုးမဖြစ်၊ မဖြစ်တော့လူငယ်တွေလည်း တောင်သူမလုပ်ကြတော့ဘဲ မလေးတို့၊ ထိုင်းတို့သွား၊ ရရာလုပ်ကြပေါ့ဗျာ၊ ရွာကိုခြောက်ကပ်နေတာပဲ"ဟု ဆက်၍ပြောကြားသည်။ သစ်၊ ဝါးတွေကို အစားပြန် မစိုက်ကြဘူးလားမေးတော့" သစ်ရိပ်၊ ဝါးရိပ်က အေးချမ်းတယ်ဆိုတာ လူတိုင်းသိပေမယ့် ပြန်စိုက်ဖို့ကျတော့ လက်လေးကြတယ်လေ၊ ဒါကြောင့်လည်း ကြာတော့ လုံးပါးပါးပြီး တောတွေပြုန်းကုန်တာပေါ့"ဟုဆိုပါသည်။

သစ်တောဦးစီးဌာနအနေဖြင့်မူ သစ်တောများ ရေရှည်တည်တံ့စေရန်အတွက် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းတည်ထောင်၍ စီမံအုပ်ချုပ်လျက်ရှိကြောင်းသိရသည်။ သစ်ထုတ်လုပ်ရာတွင်လည်း ၁၈၅၆ ခုနှစ်မှစတင်အသုံးပြုခဲ့သည့် မြန်မာ့သစ်တောရွေးချယ်ခြင်းစနစ်ကို ယခုအချိန်အထိ ကျင့်သုံးဆောင်ရွက်ဆဲဖြစ်သည်ဟုဆိုသည်။ ယင်းစနစ်မှာ အဖိုးတန်သစ်တောများကို မပြုန်းတီးစေဘဲ နှစ်စဉ်ထုတ်ယူသုံးစွဲရန် သိပ္ပံနည်းကျ တွက်ချက်သည့် နည်းစနစ်ကို အခြေခံထားသည်ဟုသိရသည်။ ခေတ်စနစ်နှင့်အညီ သစ်တောများကို စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ၁၉၉၂ ခုနှစ်တွင် သစ်တောဥပဒေ၊ ၁၉၉၄ ခုနှစ်တွင် တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ၊ ၁၉၉၅ ခုနှစ်တွင် မြန်မာ့သစ်တောမူဝါဒ၊ အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ခရိုင်များအလိုက် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်း ၆၄ ခုကို ၁၉၉၆ ခုနှစ်မှစတင်၍ ပြန်လည်ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ထို့အတူ ၂၀၀၀-၂၀၀၁ ခုနှစ်မှစတင်သည့် နှစ်(၃၀)အမျိုးသားသစ်တော ပင်မဘက်စုံစီမံကိန်းကိုလည်း ဆောင်ရွက်လျက်

**မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၁၉၂၅ ခုနှစ်တွင် ၆၆ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၅၂ ရာခိုင်နှုန်းရှိခဲ့ပြီး လက်ရှိအချိန်တွင်မူ ၄၇ ရာခိုင်နှုန်းသာကျန်ရှိ။ အကျယ်အဝန်းအားဖြင့် ၂၀၁၀ ခုနှစ်တွင် သစ်တောဖုံးလွှမ်းမှုမှာ ဟက်တာ ၃ ဒသမ ၁၈ သန်းသာရှိ။**

ရှိကြောင်း သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသောင်းနိုင်ဝင်းက ပြောကြားသည်။

"အခုဆိုရင် သစ်ထုတ်တဲ့နေရာမှာ အစိုးရချုပ်ကိုင်မှုကိုလျှော့ချပြီး ပုဂ္ဂလိကကဏ္ဍကိုမြှင့်တင်တဲ့နည်းလမ်းတွေနဲ့ဆောင်ရွက်နေပါပြီ။ ပတ်ဝန်းကျင်ထိခိုက်တာ၊ လူမှုရေးထိခိုက်တာတွေ နည်းနိုင်သမျှနည်းစေဖို့အတွက် နိုင်ငံတကာစံနှုန်းတွေနဲ့အညီ ပတ်ဝန်းကျင်နဲ့သဟဇာတဖြစ်တဲ့နည်းလမ်းတွေနဲ့ပဲ သစ်ထုတ်လုပ်မှုကို ဆောင်ရွက်နေပါတယ်။

"သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းမှာလည်း ပုဂ္ဂလိကပိုင်းကပါ ပါဝင်ဆောင်ရွက်ဖို့လိုပါတယ်၊ ဌာနအနေနဲ့ ၂၀၀၆ ခုနှစ်ကစပြီး ပုဂ္ဂလိက သစ်တောစိုက်ခင်းတွေ လုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်။ ခုဆိုရင် တော်တော်လေးအရှိန်ရနေပါပြီ" ဟု ၎င်းက ဆက်၍ ရှင်းပြသည်။

ထို့အတူ ကျေးလက်ပြည်သူများ၏ သစ်၊ ထင်း၊ ဝါးအခြေခံလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများကိုလည်း ၁၉၉၅ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့သည်။

" ဒေသတိုင်းမှာ ထင်းလိုအပ်ချက်က ကြီးမားပါတယ်။ ဒီလိုအပ်ချက်ရဲ့ ၂၅ ရာခိုင်နှုန်းကို ဒေသခံတွေရဲ့ကိုယ်ပိုင်အိမ်ဝင်း၊ ခြံဝင်း၊ ဥယျာဉ်နဲ့ လယ်ယာမြေတွေမှာ သစ်ပင်စိုက်ပြီး ထုတ်ယူသုံးစွဲနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကျန်တဲ့လိုအပ်ချက်ကိုတော့ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းကနေ ၂၅ ရာခိုင်နှုန်း၊ ဌာနဆိုင်ရာ သစ်တောစိုက်ခင်းတွေကနေ ၄ ဒသမ ၂ ရာခိုင်နှုန်း၊ သဘာဝ သစ်တောတွေကနေ ၄၅ ဒသမ ၈ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲဖို့ ရည်မှန်းဆောင်ရွက်နေတာပါ။ ဒါမှသာ သစ်တောပြုန်းတီးမှုကို သက်သာစေမှာပါ။ ဒါပေမယ့် အိမ်ဝင်း၊ ခြံဝင်း၊ ဥယျာဉ်ခြံမြေတွေမှာ စိုက်တာနဲ့ အစုအဖွဲ့ပိုင်သစ်တောတွေက ထင်းထုတ်ယူဖို့ခန့်မှန်းထားတဲ့ပမာဏက မျှော်မှန်းသလောက် မရဘူးဖြစ်နေတယ်"ဟု သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေသတိုင်း၌ များသောအားဖြင့် ထင်းအတွက် သဘာဝတောများကိုသာ မှီခိုထုတ်လုပ်သုံးစွဲ နေကြသည်ဟုဆိုပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဘိုကလေးနှင့် လပွတ္တာမြို့နယ်များတွင် ထင်း၊ မီးသွေးအတွက် အလွန်အကျွံထုတ်ယူမှုကြောင့် ဒီရေတောများအကြီးအကျယ် ပြုန်းတီးပျက်စီးခဲ့ရသည်။ ပဲခူးရိုးမရှိသစ်တောများသည်လည်း ထိုနည်းလည်းကောင်းပင်။ ယခုအချိန်အထိ ထိုဒေသများတွင် ထင်း၊ မီးသွေးအတွက် သဘာဝတောများကိုသာ မှီခိုနေရဆဲ ဖြစ်သည်။ ရခိုင်နှင့် တနင်္သာရီတို့ရှိ ဒီရေတောများတွင်လည်း ယင်းပြဿနာနှင့် ရင်ဆိုင်နေရသည်။

ကမ္ဘာနှင့်အဝန်း သစ်တောပြုန်းတီးလာမှုများကိုကြည့်လျှင် စက်မှုခေတ်ပြောင်းတော်လှန်ရေး မတိုင်မီကာလ(၁၇ ရာစုနှင့် ၁၈ ရာစု)များအတွင်းက ကမ္ဘာ့သစ်တောပမာဏသည် ၆ ဒသမ ၂၁ ဘီလျံဟက်တာခန့်ရှိခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ၃ ဒသမ ၈၇ ဘီလျံ ဟက်တာခန့်သာရှိတော့သည်ဟု ခန့်မှန်းခဲ့ကြသည်။ နှစ်ပေါင်း(၂၀၀)ခန့်အတွင်း ၂ဒသမ ၃၄ ဘီလျံ ဟက်တာခန့်ဆုံးရှုံးသွားခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၃၇ဒသမ ၇ ရာခိုင်နှုန်းလျော့နည်းသွားသည်။ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် ၁၉၂၅ ခုနှစ်တွင် ၆၆ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် ၅၂ ရာခိုင်နှုန်းရှိခဲ့ပြီး လက်ရှိအချိန်တွင်မူ ၄၇ ရာခိုင်နှုန်းသာကျန်ရှိတော့သည်ဟု ဆိုပါသည်။ အကျယ်အဝန်းအားဖြင့် ၂၀၁၀ ပြည့်နှစ်တွင် သစ်တောဖုံးလွှမ်းမှုမှာ ဟက်တာ ၃ဒသမ ၁၈သန်းသာ ရှိတော့သည်။

သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်ရန်အတွက် စီမံကိန်းများကား အမျိုးအစားစုံလှသည်။ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ထူထောင်လုပ်ကိုင်ခွင့်ပေးရုံမျှမက ကျေးရွာတစ်ရွာ သစ်တောစိုက်ခင်းတစ်ဧက ထူထောင်ရေး၊ တစ်အိမ်ထောင်ကျွန်း သုံးပင်၊ ယူကလစ်အပင် ၂၀ နှုန်းစိုက်ပျိုးရေးတို့ကိုလည်း ဆောင်ရွက်နေသည်။ ယင်းစီမံကိန်းများအတွက် သစ်တောဦးစီးဌာနက ပျိုးပင်များကို ကျေးရွာအရောက်အခမဲ့ဖြန့်ဝေပေးနေသည်။ သို့သော် ထင်သလောက်မပေါက်ရောက်၊ မေးမြန်းကြည့်တော့ ပြည်သူလူထုပူးပေါင်းပါဝင်မှု အားနည်းနေသေး၍ဖြစ်ကြောင်း သိရှိရသည်။

အမှန်တကယ်လည်း သစ်တောပြုစုခြင်း၊ မပြုန်းတီးအောင် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပြည်သူများ မလွဲမသွေပူးပေါင်းပါဝင်ရန် လိုအပ်နေသည်။ သူ့တာ၊ ကိုယ့်တာခွဲခြားရန်၊ လက်ညှိုးထိုးဝေဖန်နေရန်အချိန် မဟုတ်တော့ပေ။ နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု ပြန်လည်များပြားလာမှသာ ရာသီဥတုလည်း ကောင်း၊ စိုက်ပျိုး၍လည်းဖြစ်ထွန်းလာမည့် အခြေအနေကို လူတိုင်းသိရှိထားပြီးဖြစ်သည်။ အနည်းဆုံးကိုယ့်အိမ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ဘက်စုံသုံးသစ်ပင်များ စိုက်ပျိုးရန်လိုအပ်သည်။ ကိုယ့်မိသားစု၊ ကိုယ့်ကျေးရွာ လိုအပ်ချက်ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်သုံးစွဲရန်လိုအပ်သည်။ လူဦးရေအပေါ်မူတည်၍ သစ်၊ ထင်းလိုအပ်ချက်တွက်ချက်ပြီး တစ်အုပ်တစ်မ စိုက်ခင်းများကို ဝိုင်းဝန်းထူထောင်သင့်သည်။ ထို့အတူ သဘာဝတောကျန်များကိုလည်း ဝိုင်းဝန်းထိန်းသိမ်းပြီး အစိမ်းရောင်နယ်မြေ(Green Zone)များ သတ်မှတ်ဆောင်ရွက်သင့်သည်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင်လည်း လူမှုပတ်ဝန်းကျင်ကို မထိခိုက်အောင် သတိပြုသင့်သည်။ သို့မှသာ မိမိဝန်းကျင်စိမ်းလန်းသာယာပြီး လူတိုင်းလိုလားတောင့်တသည့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ အချိုးညီသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု (Sustainable Development) ကို ရရှိနိုင်မည်ဖြစ်ပေသည်။ ။

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# ကမ္ဘာလှည့်ခရီးသည်များစိတ်ဝင်စားသည့် ပြင်ဦးလွင်မှ ဗီရိုလှည်းခေါ် ရထားလုံး

အင်္ဂလိပ်တို့ အောက်မြန်မာနိုင်ငံကိုသိမ်းပိုက်အပြီး ရန်ကုန်မြို့တွင် အနေးယာဉ်ဖြင့် ခရီးသွားကူးလူး ဆက်ဆံရေးအတွက် Horse drawn coaches ခေါ် ဗီရိုမြင်းယာဉ်များနှင့် လန်ချားတို့ကို အသုံးပြုခဲ့ကြသည်။ ဗီရိုမြင်းယာဉ်နှင့် လန်ချားများကို မြန်မာပြည်တွင် ထုတ်လုပ်ခြင်းမရှိဘဲ အင်္ဂလန်မှ တိုက်ရိုက်မှာယူ သုံးစွဲခဲ့ကြသည်။ ထိုအချိန်က စတင်ပြေးဆွဲသူများမှာ အိန္ဒိယတိုင်းရင်းသားများသာ ဖြစ်ကြသည်။

၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူပြီးသောအခါ Horse drawn coaches ခေါ် ဗီရိုမြင်းယာဉ်များကို မန္တလေးမြို့တွင်ပါ မှာယူသုံးစွဲလာသည်ကို တွေ့ရသည်။ ထို့နောက် မေမြို့(ပြင်ဦးလွင်)ကို ဘုရင်ခံရုံးစိုက်ရာမြို့အဖြစ် သတ်မှတ်ပြီးသောအခါ မေမြို့(ပြင်ဦးလွင်)တွင် ဗီရိုလှည်းများကို အသုံးပြုခဲ့သည်။ မေမြို့(ပြင်ဦးလွင်)တွင် တစ်စတစ်စ လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ဗီရိုလှည်းများကို မေမြို့(ပြင်ဦးလွင်)သို့ သယ်ယူပြေးဆွဲစေခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဗီရိုလှည်းများကို အင်္ဂလန်မှ မှာယူရန် အခက်အခဲရှိခြင်းနှင့် မေမြို့(ပြင်ဦးလွင်)သည် တောင်ပေါ်မြို့ဖြစ်သောကြောင့် ရန်ကုန်၊ မန္တလေးမြို့တို့နှင့် နှိုင်းစာသော် ဘီးလေးဘီးတပ်ထားသော မြင်းယာဉ်များ ပိုမိုလိုအပ်သည့်အတွက်ကြောင့် ဖြစ်ပေသည်။

ထိုခေတ် ထိုအချိန်မှစတင်၍ ဗီရိုလှည်းများသည်လည်း မြို့၏ သင်္ကေတတစ်ခုအဖြစ် ဆွဲဆောင်လာခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်လေသည်။ မြန်မာနိုင်ငံ၏ တစ်မြို့တည်းသော ဗီရိုလှည်းအသုံးပြုနေဆဲမြို့အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ယခုအခါတွင် နှစ်ဘီးဆိုင်ကယ်များနှင့် သုံးဘီးဆိုင်ကယ် အများအပြား ပေါ်ထွက်လာခြင်းကြောင့် ဗီရိုလှည်းခေါ် ရထားလုံးမြင်းယာဉ်များကို အသုံးပြုမှု အနည်းငယ်လျော့နည်းသွားခဲ့သော်လည်း အလည်အပတ်လာရောက်သူများနှင့် ကမ္ဘာလှည့်ခရီးသည်များက အမှတ်တရ ငှားစီးခြင်း၊ ဓာတ်ပုံရိုက်ခြင်းတို့ဖြင့် လူကြိုက်များတွင်ကျယ်စွာ အသုံးပြုနေဆဲပင်ဖြစ်သည်။

ဗီရိုလှည်းယာဉ်များကို ကမ္ဘာလှည့်ခရီးသည်များက ပိုမိုစိတ်ဝင်စားကြပြီး အထူးသဖြင့် အင်္ဂလန်(ဗြိတိန်)နိုင်ငံမှ လာရောက်လည်ပတ်သူများ အထူးစိတ်ဝင်စားခြင်း ခံရသည်။ အင်္ဂလန်မှ လာရောက်သူတို့သည် ဗီရိုလှည်းများကို အုပ်စုလိုက် အများအပြား ငှားရမ်းပြီး မြို့ပတ်ဝန်းကျင်ကို လှည့်ပတ်လေ့လာ ဓာတ်ပုံရိုက်ခြင်းတို့ ပြုလုပ်ကြသည်။ ပြင်ဦးလွင်တွင် ယနေ့အချိန်အထိ အင်္ဂလိပ်ခေတ်က ဆောက်လုပ်ခဲ့သော အဆောက်အအုံအမြောက်အမြား ကျန်ရှိနေသေးရာ တလေးတစားအမြတ်တနိုးဖြင့် မှတ်တမ်းတင်နေကြသည်ကို တွေ့မြင်ရဆဲဖြစ်သည်။

ထို့အပြင် ဗီရိုလှည်းများသည် အင်္ဂလန်မှ တင်ပို့ခဲ့သော လှည်းများဖြစ်ခြင်းကြောင့် "Made in England" ဟူသောစာတမ်းကို ရှာဖွေဂုဏ်ယူနေကြသည်ကိုလည်း တွေ့မြင်ရမည် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အင်္ဂလန်မှ ထုတ်လုပ်လိုက်သော ဗီရိုလှည်းများသည် ယနေ့အချိန်တွင် အင်္ဂလန်၌ မတွေ့မမြင်နိုင်သောကြောင့် ဖြစ်ပေသည်။

မည်သို့ပင် ခေတ်မီတိုးတက်ပြောင်းလဲလာသည် ဆိုသော်လည်း ရှေးယခင် နှစ်ပေါင်းတစ်ရာကျော်ကတည်းက မသုံးမဖြစ်အသုံးပြုခဲ့ရသော ဗီရိုလှည်းခေါ် ရထားလုံးများကိုယနေ့ပြင်ဦးလွင်တွင် တွေ့မြင်နေရဦးမည်ဖြစ်ပြီး အမြဲတစေလည်း ပြင်ဦးလွင်နှင့် အတူဒွန်တွဲလျက် သစ်လွင်တောက်ပစွာ ဂုဏ်ယူနေရဦးမည် ဖြစ်ပေသည်။

သက်နိုင်(ပြင်ဦးလွင်)





## မန္တလေးတိုင်းဒေသကြီး မန္တလေးစက်မှုဇုန်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့်တွေ့ဆုံပွဲအခမ်းအနားကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မန္တလေးစက်မှုဇုန်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားများ၊ ပြည်တွင်းကုန်တင်၊ ကုန်ချ အလုပ်သမားများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက မန္တလေး ကနောင်စက်မှုခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာဆပ်ကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပြည်သူ့အကျိုးရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပြီး ယခုအခါ ပြည်သူဗဟိုပြုသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်၍ အလုပ်သမားများ၊ တောင်သူလယ်သမားများ၏ အဓိကလိုလားချက်များအား ထိထိမိမိနှင့် လျင်လျင်မြန်မြန်ဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့်လည်း အခက်အခဲများ အဆင်မပြေမှုများရှိပါက ဆွေးနွေးပေးစေလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မန္တလေးစက်မှုဇုန်အတွင်းရှိ အလုပ်ရှင်၊ အလုပ်သမားများ၊ ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများက မိမိတို့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီး၊ တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့နှင့် မကြာခဏတွေ့ဆုံပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည့်အတွက် အဆင်ပြေချောမွေ့ကြောင်း တင်ပြကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သစ်တောနှင့် သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်၊ ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဆပ်ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်အပိုင်းများကို ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒုတိယဝန်ကြီးက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားအပြီးတွင် တက်ရောက်လာကြသော အလုပ်ရှင် အလုပ်သမားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

**တင်မောင်(မန္တလေး)**

## တရားလွှတ်တော်တရားသူကြီး အချုပ်ခန်းနှင့်အကျဉ်းထောင်တို့ကိုစစ်ဆေး

**ရမည်းသင်း ဒီဇင်ဘာ ၂၈**

ဒီဇင်ဘာ ၂၄ ရက် နံနက်က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်တင်နွယ်ဝင်းနှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ရဲတပ်ဖွဲ့အချုပ်စခန်းနှင့် ရမည်းသင်း အကျဉ်းထောင်တို့ကို စစ်ဆေးခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများနှင့် အချုပ်သား (ကျား/မ)တို့၏ နေရာထိုင်ခင်း သက်သာချောင်ချိမှု၊ အာဟာရပြည့်ဝသော အစားအစာ စားသုံးမှု ရှိ၊ မရှိနှင့် ကျန်းမာရေးဆေးကုသခံရမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိမှု၊ ရာသီဥတုနှင့် လျော်ညီသော အဝတ်အထည်၊ အိပ်ရာခင်းများ ရရှိမှု၊ အမျိုးသမီး အကျဉ်းသူများနှင့် အချုပ်သားများ၏ လုံခြုံရေးလုံလောက်စွာရရှိမှု၊ လက်မှုအတတ်ပညာများ သင်ကြားပေးမှု၊ ရသင့်ရထိုက်သော အခွင့်အရေးများ ရရှိရေးနှင့်ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိတို့နှင့် ပတ်သက်၍လည်းကောင်း၊ အချုပ်သားများ၏ မှုခင်းများကို သက်ဆိုင်ရာတရားရုံးများက စစ်ဆေးမှုအခြေအနေများကို မေးမြန်း၍ အကျဉ်းသား၊ အကျဉ်းသူများ၊ အချုပ်သားများ၏ အိပ်ဆောင်များ၊ စားဖိုဆောင်နှင့်စိုက်ခင်းများကို လှည့်လည်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ပြည်သူများလျှပ်စစ်ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်ရေးဖော်ဆောင်

**ရမည်းသင်း ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာတွင် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက စနစ်ဟောင်းက တည်ဆောက်ခဲ့သော ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများကို ဒေါင်လိုက်တပ်ဆင်ထားသောစနစ်မှ အလှဲလိုက်တန်းများပြောင်းလဲတပ်ဆင်ခြင်း၊ ယိုင်လဲနေသောသစ်သားတိုင်များ၊ ကွန်ကရစ်ဓာတ်တိုင်အလုံး ၃၀ အစားထိုးပြန်လည်တပ်ဆင်ရေးလုပ်ငန်းများကို လျှပ်စစ်ဌာနမှ မြို့နယ်အင်ဂျင်နီယာ ဦးအောင်နေဦး ဦးဆောင်လျက် လျှပ်စစ်လိုင်းမင်းများမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

စံပြသိမ်ကုန်းရွာတွင် အိမ်ထောင်စုပေါင်း ၁၅၄၀ ရှိပြီး (၁၃)ရပ်ကွက်တွင် ဌာနမှ ယခင်တပ်ဆင်ထားသော 100 KVA ထရန်စဖော်မာ တစ်လုံးနှင့် ကိုယ့်အားကိုယ်ကိုး တပ်ဆင်ထားသော 315KVA ထရန်စဖော်မာ တစ်လုံး သုံးစွဲလျက်ရှိရာ လျှပ်စစ် အိမ်သုံးမီတာ ၈၀၀ ကျော်၊ ၉၀၀ ခန့် တပ်ဆင်သုံးစွဲလျက်ရှိပြီး စက်မှုသုံးပါဝါမီတာခြောက်လုံး သုံးစွဲနေကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**



## ပညာရေး ရန်ပုံငွေပေးအပ်လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်ထုံကြီးအုပ်စု လှော်ကဆင်းကျေးရွာအနီး တည်ဆောက်မည့် အများပိုင်သကြားစက်ရုံနှင့်ပတ်သက်၍ ပတ်ဝန်းကျင်နှင့် လူထုအပေါ် အကျိုးသက်ရောက်မှုများကို ဒေသခံပြည်သူများအား ရှင်းလင်းတင်ပြခြင်း၊ ဒေသခံပြည်သူများ၏ အကြံပြုဆွေးနွေးခြင်းနှင့် ပညာရေးရန်ပုံငွေပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

ရှေးဦးစွာစစ်ကိုင်းတိုင်းဒေသကြီး ခရိုင်အုပ်ချုပ်ရေးမှူးဦးသက်လွင်က အမှာစကားပြောကြားပြီး အများပိုင်သကြားစက် မန်နေဂျင်းဒါရိုက်တာ ဦးဝင်းဌေးက သကြားစက်ရုံ စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဒေသခံတောင်သူတစ်ဦးဖြစ်သော ယင်းခဲကျေးရွာ ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးဖိုးသောင်က "၂၀၀၇-၂၀၀၈ ခုနှစ်တုန်းကဆို ကြံဈေးကျနေလို့ လုပ်အားခပဲရတော့ သယ်ယူပို့ဆောင်စရိတ်ရှုံးလို့ ကြံစိုက်ခင်းတွေ မီးရှို့ဖျက်ဆီးခဲ့ကြရတယ်။ ကျွန်တော်တို့ စိုက်ဧက ရှစ်သောင်းမှာ ကြံတန်ချိန် သိန်း ၂၀ လောက်ထွက်ပြီး ယခုဆောက်လုပ်မယ့်သကြားစက်ဟာ ကြံတန်ချိန် ၆ သိန်းလည်ပတ်နိုင်တာကြောင့် နောက်ထပ်သကြားစက်သုံးစက်လောက် ထပ်ဆောက်သင့်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ပညာရေးရန်ပုံငွေဆက်လက်ပေးအပ်ချီးမြှင့်ရာ ကျောက်ထုံကြီး၊ ရေဆွယ်၊ နွယ်နီ၊ သပြေပင်၊ ယင်းခဲ၊ စကားကုန်းတို့ရှိကျောင်းများကို ပညာရေးရန်ပုံငွေအတွက် ငွေကျပ် ၁၀ သိန်းစီ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ထူး**

## ညဈေးတန်း ဖွင့်ပွဲကျင်းပ

**ချောင်းဦး ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ မြို့မဈေးရှေ့၌ ဒီဇင်ဘာ ၂၅ ရက် ညနေ ၅ နာရီက ညဈေးတန်းဖွင့်ပွဲကို ကျင်းပရာ ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ချောင်းဦးမြို့ ညဈေးတန်းကို နေ့စဉ် ညနေ ၅ နာရီမှ ည ၁၂ နာရီ အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ ညဈေးတန်းတွင် သစ်သီးဝလံရောင်းချသူ မမာမာဌေးက ယခုလို ညဈေးတန်းဖွင့်လှစ်ပေးသည့်အတွက် အထူးပင်ဝမ်းသာပါကြောင်း ဈေးဝယ်လာသူပြည်သူများကိုလည်း သစ်သီးဝလံများကို လတ်လတ်ဆတ်ဆတ်ရောင်းချရသည့်အတွက် အထူးပင်ဝမ်းသာရပါကြောင်း ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မသန်စွမ်း အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ ခရီးစဉ်လိုက်ပါပို့ဆောင်ကြမည့် ယာဉ်ကြီးကြပ်များ၊ ယာဉ်မောင်းများနှင့် ယာဉ်အကူများအား လိုအပ်သည်များမှာကြား

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲများ အတွင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ အားကစားသမားများနှင့် အုပ်ချုပ်သူနည်းပြများ၊ မသန်စွမ်း အားကစားသမားများ၊ လိုက်ပါပို့ ဆောင်ကြမည့် ယာဉ်ကြီးကြပ်များ၊ ယာဉ်မောင်းများနှင့် ယာဉ်အကူများ အား နေပြည်တော်ရှိ အားကစားရွာသို့ မထွက်ခွာမီ မြန်မာနိုင်ငံမသန်စွမ်း အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။



အဆိုပါ (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲများ အတွင်း ဝင်ရောက်ယှဉ်ပြိုင်သွားကြမည့် မြန်မာအားကစားသမားများနှင့် နည်းပြအုပ်ချုပ်များ၊ မသန်စွမ်း အားကစားသမားများအား မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)က အမှာစကားပြောကြားရာတွင် မြန်မာ နိုင်ငံတွင် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်း အားကစားပြိုင်ပွဲကြီးကို မိမိတို့နိုင်ငံအနေဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပကြောင်း၊(၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ကြီးကို ဇန်နဝါရီ ၁၁ ရက်မှ ၂၂ ရက် အထိ သတ်မှတ်ထားပြီး ဇန်နဝါရီ ၁၄ ရက်တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပမည်ဖြစ်ပြီး ၂၀ ရက်တွင် ပိတ် ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ် ကြောင်း၊ ယခင်က မြန်မာအားကစား အသင်းများအနေဖြင့် အခြားနိုင်ငံများ သို့ သွားရောက်ယှဉ်ပြိုင်ကြရပြီး ယခု အလှည့်သည် မိမိတို့အိမ်ရှင်နိုင်ငံ အလှည့်ဖြစ်ကြောင်း၊ အဖွဲ့ချုပ်မှ လည်း ဒီဇင်ဘာ ၉ ရက်ကတည်းကပင် နေပြည်တော်ရှိ စည်ပင်ရိပ်သာတွင် ရုံးခန်းဖွင့်လှစ်ထားရှိပြီး ယနေ့တွင် အားကစားရွာသို့ ပြောင်းရွှေ့နေကြပြီ ဖြစ်ပါကြောင်း၊ ပြီးခဲ့သော ပရိဆီးဂိမ်း အတွင်း ဘတ်စ်အစီးရေ ၁၃ စီး အသုံးပြုခဲ့ပြီး ပြဿနာတစ်စုံတစ်ရာ မရှိခဲ့ကြောင်း၊ လမ်းခရီးအတွင်း ယာဉ်ကြီးကြပ်ရေးများ ထားရှိပေး ထားပြီး အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အမြန်ဆက်သွယ် သတင်းပို့ကြရန်ဖြစ်ကြောင်း လိုအပ် သည်များ ပြောကြားခဲ့သည်။

**မှာကြားခဲ့**

ထို့နောက် ပြီးခဲ့သော (၆)ကြိမ် မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် အင်ဒိုနီးရှား နိုင်ငံ၌ မြန်မာမသန်စွမ်းအားကစား သမားများ သွားရောက်ယှဉ်ပြိုင်ခဲ့စဉ် အဆင့်(၆)ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု အလှည့်တွင် အဆင့်(၄)၊ (၅) ရရှိရန် လိုအပ်ပါကြောင်း၊ စွမ်းဆောင်ရည် မလျော့အောင်လည်း ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း၊ အားကစားသမား များ ကျန်းမာရေးကို အထူးဂရု စိုက်ကြရန် လိုအပ်ကြောင်း၊ ခေါင်း ဆောင်များကလည်း ကျန်းမာရေးကို အထူးဂရုစိုက်ပေးကြရန် လိုအပ် ကြောင်း မှာကြားခဲ့ကြောင်း သိရ သည်။ **(ဝဲပုံ)**

**စိုးဝင်း(SP)**

# ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ရန် ကွင်းဆင်းဆောင်ရွက်

**စဉ့်ကိုင် ဒီဇင်ဘာ ၂၈**

စဉ့်ကိုင်မြို့နယ်အတွင်း ကျေးရွာများ သွားလာရေးလွယ်ကူစေရန် ကျေးရွာ ချင်းဆက်လမ်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၆ ရက် နံနက် ၉နာရီ က တဘက်ဆွဲအုပ်စု အနောက်ရွာသစ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးရွာ ချင်းဆက် မြေသားလမ်းသစ်ဖောက်လုပ်ခြင်းအတွက် စဉ့်ကိုင်မြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ပြုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများသည် ကျေးရွာအထောက်အကူပြုအဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ရန်အတွက် ညှိနှိုင်းကာ လမ်းအူ ကြောင်း တိုင်းတာခဲ့သည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်းသည် အရှည် ၂ ဒသမ ၂ မိုင်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ဖျာပုံအထက(၃) မြတ်ဆရာပူဇော်ပွဲကျင်းပ

**ဖျာပုံ ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အမှတ် (၃)အခြေခံပညာ အထက်တန်း ကျောင်း (ယခင်ကရင်အမျိုးသား အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ် မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင် ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပ သည်။ **(ယာပုံ)**

မြတ်ဆရာပူဇော်ပွဲတွင် အသက် ၆၀ နှစ်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၅၀ တို့အား ပူဇော်ခဲ့ကြပြီး ကရင်ကျောင်းသား၊ ကျောင်းသူ ဟောင်းများက ဘုရားသခင်ကောင်းချီး ပေးပါစေ သီချင်း၊ ရွှေတံဆိပ်ဆုရှင် မဟန်နီအောင်က မြတ်ဆရာသီချင်း၊ မမေသက်ခိုင်က ကျေးဇူးရှင် မြတ် ဆရာ သီချင်းများဖြင့် သီဆိုဂါရဝပြု ခဲ့ကြသည်။

ဖျာပုံမြို့ပေါ်တွင် အထက်တန်း ကျောင်း သုံးကျောင်းရှိပြီး နှစ်စဉ် မြတ် ဆရာပူဇော်ပွဲများကို ကျင်းပလျက်ရှိရာ ဖျာပုံအထက(၁)ကျောင်းသားဟောင်း များ၏ (၂၂)ကြိမ်မြောက် မြတ်ဆရာ ပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)နှင့် အထက(၂)၏ (၁၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၅ ရက်တွင် ကျင်းပကြမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**





# ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်မကြာမီဖွင့်မည်

**အမေး/အရေး-အေးကို(သတင်းစဉ်)**
**ဓာတ်ပုံ-ရဲကျော်သူ**

ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ကြီးကြပ်ပြီး မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းထားသော အများပိုင်ကုမ္ပဏီ "ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်" အား ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရ၍ အဆိုပါဘဏ်နှင့်ပတ်သက်ပြီး သိလိုသည်များကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အဆိုပါဘဏ်မှဒုတိယဦးဆောင်ညွှန်ကြားရေးမှူးက "ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့် မြန်မာနိုင်ငံ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေနှင့်အညီဖွဲ့စည်းထားပြီး ၂၀၁၃ ခုနှစ် ဇူလိုင်လမှာ မြန်မာနိုင်ငံဗဟိုဘဏ်မှ ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားတာဖြစ်ပါတယ်။ ခွင့်ပြုမတည်ငွေရင်းက ကျပ် ၁၀၀ ဘီလီယံဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါဘဏ်အနေဖြင့်အောက်ပါ ဝန်ဆောင်မှုများဆောင်ရွက်လျက်ရှိရာ (၁) အပ်ငွေများ လက်ခံခြင်းအခန်းကဏ္ဍတွင် စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ်အပ်ငွေနှင့် အချိန်ပိုင်းအပ်ငွေ၊ (၂) ချေးငွေများထုတ်ချေးခြင်းအခန်းကဏ္ဍတွင် လုပ်ငန်းများလည်ပတ်ငွေအတွက် ထုတ်ပေးခြင်းနှင့် အငှားဝယ်စနစ်တို့ ပါဝင်ပြီး အခြားဝန်ဆောင်မှုများတွင် ငွေလွှဲလုပ်ငန်း၊ ငွေပေးအမိန့်လက်မှတ်၊ Debit Card နှင့် နိုင်ငံခြားငွေလဲလှယ်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

ထို့အပြင်ဆောက်လုပ်ရေးအထူးချေးငွေများကဏ္ဍတွင် ဆောက်လုပ်ရေးကုမ္ပဏီကြီးများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလိုအပ်ခြင်း၊ အိမ်ရာဆောက်လုပ်ရန်ချေးငွေများအနေဖြင့် မိမိပိုင်မြေပေါ်တွင် အထပ်မြင့်အိမ်ရာ ဆောက်လုပ်လိုသော မြေပိုင်ရှင်များ၊ မိမိပိုင်မြေပေါ်တွင် လုံးချင်းအိမ်ဆောက် လုပ်လိုသောမြေပိုင်ရှင်များ ချေးငွေများလိုအပ်ခြင်း၊ လုံးချင်းအိမ်ဝယ်ယူလိုသူများ၊ ကွန်ဒိုအခန်းဝယ်ယူလိုသူများ၊ တိုက်ခန်းဝယ်ယူလိုသူများ ချေးငွေလိုအပ်ပါက အဆိုပါဘဏ်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD BANK) သည် မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးနှင့် သက်ဆိုင်သော ပထမဦးဆုံးဖွင့်လှစ်သည့်ဘဏ်ဖြစ်ပြီး ဗိုလ်တထောင်ဘဏ်ခွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အမှတ် (၂၂၈/၂၃၄) ဗိုလ်ချုပ်လမ်းနှင့် ဒဂုံဘဏ်ခွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ရွှေတိဂုံဘုရားလမ်း အမှတ် (၆၀) တို့တွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။



# ပုသိမ်ကြီး အုန်းချောအထက ကင်းထောက်သင်တန်းဖွင့်

**မန္တလေး ဒီဇင်ဘာ ၂၈**

ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာနပုသိမ်ကြီးမြို့နယ်အုန်းချောအခြေခံပညာအထက်တန်းကျောင်း၏ကင်းထောက်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ရက် နံနက်၈ နာရီကအုန်းချောကျေးရွာရှိ အဆိုပါကျောင်းပင်မဆောင်၌ကျင်းပရာရှေးဦးစွာအုန်းချောအခြေခံပညာအထက်တန်းကျောင်းမှကင်းထောက် ကျောင်းသား ကျောင်းသူများက ပြည်သူ့အတွက်အစဉ်သင့်ကင်းထောက်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြပြီးကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိန်လင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးဒေါက်တာဥမ္မာကြည်က ကင်းထောက်သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကင်းထောက်မောင်မယ်များက ကင်းထောက်များရဲ့ ရှေ့သို့ခြေလှမ်းသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ အဆိုပါကင်းထောက်သင်တန်းနည်းပြများကကင်းထောက်ကျောင်းသားကျောင်းသူ ၁၀၀ကိုရက်သတ္တတစ်ပတ်ကြာသင်တန်းပို့ချကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

# ပင်လုံတက္ကသိုလ်၌ လက်တွေ့ကျသော ပညာရေးအဆင့်မြှင့်တင်မှုဆွေးနွေး

**ပင်လုံ ဒီဇင်ဘာ ၂၈**

နိုင်ငံသားတိုင်းပညာသင်ကြားခွင့်ရရှိရေး၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များဖြစ်ထွန်းလာရေး၊ ကိုယ်ကျင့်တရားမြင့်မားပြီး ဘက်စုံထူးချွန်သည့် နိုင်ငံသားကောင်းများ မွေးထုတ်နိုင်ရေး၊ ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရေး၊ တီထွင်ကြံဆသုတေသနပြုနိုင်ရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ပင်လုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူးဦးမိုးဟိန်းက အမှာစကားပြောကြားသည်။ ထို့နောက် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ကျောင်းအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က မူကြိုပညာရေးဆိုင်ရာလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးနှင့်ပညာရေးလုပ်ငန်းဆောင်ရွက်သည့် ဘာသာရေးအဖွဲ့အစည်းဆိုင်ရာလုပ်ငန်းဆွေးနွေးချက်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ နည်းပညာတက္ကသိုလ်(ပင်လုံ)ကျောင်းအုပ်ကြီး ဒေါက်တာဥက္ကာက ကလေးဗဟိုပြုချဉ်းကပ်သင်ယူနည်း အကောင်အထည်ဖော်ရေးလုပ်ငန်းဆွေးနွေးချက်များ၊ ကျောင်းပြင်ပပညာရေးဆိုင်ရာဗဟိုကော်မတီနှင့် ကျောင်းပြင်ပပညာရေးဆွေးနွေးချက်များ၊ အခြေခံပညာကဏ္ဍ၊ ဆရာအတတ်သင်အဆင့်မြင့်ပညာ၊ အသက်မွေးဝမ်းကျောင်းကဏ္ဍ၊ မူဝါဒများနှင့် ဆောင်ရွက်မည့်လုပ်ငန်းဆွေးနွေးချက်များနှင့် အဆင့်မြင့်ပညာရေးဆိုင်ရာ မူဝါဒဆွေးနွေးချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပင်လုံတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာတင်မာကြည်က ၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေ(မူကြမ်း) ဆွေးနွေးချက်များ၊ အဆင့်မြင့်ပညာရေးရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များ(မူကြမ်း) ဆွေးနွေးချက်များနှင့် တက္ကသိုလ်များ ဗဟိုကောင်စီဖွဲ့စည်းရေး(ဒုတိယမူကြမ်း) ဆွေးနွေးချက်များကို ရှင်းလင်းတင်ပြပြီးဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

လက်တွေ့ကျသော ပညာရေးအဆင့်မြှင့်တင်မှုဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဧည့်သည်တော်များက အကြံပြုဆွေးနွေးတိုင်ပင်ကြသည်။ ယင်းနောက် ပင်လုံတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ တင်မာကြည်က အကြံပြုဆွေးနွေးချက်များကို စုစည်း၍ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မိုင်းဆတ်၌ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပြိုင်ပွဲကျင်းပ

**မိုင်းဆတ် ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ကျဒရယ်ရပ်ကွက် သဗ္ဗညုကျောင်းတိုက်ပဓာနနာယကဆရာတော် ဘဒ္ဒန္တက္ကန္ဒက ဦးဆောင်ကျင်းပသော တတိယအကြိမ်မြောက် ဓမ္မစကြာဒေသနာတော်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက သဗ္ဗညုကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစိုင်းချစ်သောင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ပြိုင်ပွဲသို့ အမကမူလွန်(မြို့သစ်)ဝတ်အသင်း၊အမကမူလွန်(ကျဒယ်)ဝတ်အသင်းနှင့် ဓမ္မစကူးလ်ကျောင်းသားများ ဝတ်အသင်း၊ အထကအကြီးတန်းဝတ်အသင်းနှင့် အငယ်တန်းဝတ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **သန်းဇော် (iprd)**

# သမိုင်းဝင်ချမ်းသာရ စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရွှေထီးတော်တင်လှူပွဲကျင်းပမည်

**နောင်ချို ဒီဇင်ဘာ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအုပ်စုရှိ ရှေးဟောင်းသမိုင်းဝင် ချမ်းသာရဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ပွဲတော်ကို နှစ်စဉ်ကျင်းပသည်။ ဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ လွန်ခဲ့သော ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်သွားသော မြေငလျင်ဒဏ်ကြောင့် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ မြေပျက်စီးခဲ့ရာ ယခုဗုဒ္ဓပူဇနိယပွဲတော်နှင့်အတူ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်နေ့)တွင် ထီးတော်အသစ်ကို တင်လှူပူဇော်ကြမည်ဖြစ်သည်။

ထိုသို့ ချမ်းသာရစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ထီးတော်တင်လှူပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ဒိုးပင်ကျောင်းတိုက်၌ အစည်းအဝေးကျင်းပရာ ဆရာတော်ဘဒ္ဒန္တသုစိန္တာဝံသ ဒိုးပင်ကျောင်းဆရာတော်၊ ဟိုခိုကျောင်း ဆရာတော်၊ ချောင်းသာကျောင်း ဆရာတော်နှင့် အုပ်စုအတွင်းမှ ကျောင်းထိုင်ဆရာတော်ကြီးများ၊ ဂေါပကလူကြီးများ၊ ကျေးရွာငါးအုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဗုဒ္ဓပူဇနိယပွဲတော်နှင့် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် အသစ်တင်လှူပွဲကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရှမ်းပြဇာတ်နှင့် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **(ဝဗ၁)**

# သဘာဝဘေးကျရောက်၍ ဖျက်ဆီးပြောင်းရွှေ့ရသော အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မင်းကင်း ဒီဇင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်တွင် ၂၀၁၃ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်၍ ဖျက်ဆီးပြောင်းရွှေ့ရသော အိမ်ထောင်စုများအား မြို့နယ်ကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် မြို့နယ်ကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းမျိုးစုံကို မြို့နယ်အတွင်း သဘာဝဘေးဖြစ်သည့် ရေတိုက်စားမှုခံရသော ကျေးရွာများမှ အိမ်ထောင်စု ၃၅ စုတို့ကို မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်ခင်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး သန်းဇော်မြင့်နှင့် ရပ်မိရပ်ဖတို့က ပေးအပ်ခဲ့ကြကြောင်းသိရသည်။ **ချင်းတွင်းသား(iprd)**

---

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ခရိုင်အင်ဂျင်နီယာမှူးရုံး**
**မော်လိုက်ခရိုင်၊ မော်လိုက်မြို့**

## ပစ္စည်းတင်ဒါ(တင်ဒါအမှတ် -၆)

၁။ စစ်ကိုင်းတိုင်းဒေသကြီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခရိုင်အင်ဂျင်နီယာမှူးရုံး မော်လိုက်ခရိုင်မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အစိုးရ ဖြည့်စွက်ခွင့်ပြုရန်ပုံငွေ လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | ဘိလပ်မြေ(ထိုင်းဆင်တံဆိပ်) | ၂၂၆၇ တန် |
| ၂။ | သံချောင်းရှယ်စုံ MEC (သို့)Export Quality | ၂၃၃ တန် |
| ၃။ | ဒီဇယ်ဆီ | ၆၅၃၅၀ ဂါလန် |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၁၂-၂၀၁၃ရက်
**တင်ဒါပုံစံ ရောင်းချမည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်လိုက်မြို့၊ ဖုန်း-၀၇၃-၄၂၁၀၄
**နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၃-၁-၂၀၁၄ရက်၊ မွန်းတည့် ၁၂း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃-၁-၂၀၁၄ရက်၊ မွန်းလွဲ ၁၄း၀၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မော်လိုက်မြို့

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မော်လိုက်မြို့၊ ဖုန်း-၀၇၃-၄၂၁၀၄၊ ၀၇၃-၄၂၀၄၈**

**ပျောက်ဆုံးကြောင်း**

ဦးပေါ်၏သား မောင်အောင်သူ ၈/ခမန(နိုင်)၁၃၉၉၈၆ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။
**မောင်အောင်သူ ဖုန်း-၀၉-၄၅၀၀၀၈၅၆၅၊ ၀၉-၄၅၀၀၀၃၀၂၄**

## ရွှေမှိုက်နှင့်ရွှေသက်န်းကပ် တင်ဒါ/လေလံကြော်ငြာ

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တုရင်တောင် စွယ်တော်မြတ်စေတီတော်ကြီးအား လုံးတော်ပြည့်ရွှေသက်န်းကပ်လှူခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၂။ လက်ရှိရွှေမှိုက်များကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။ ရွှေသက်န်းကပ်လှူခြင်းလုပ်ငန်း လုပ်ကိုင်လိုသူများသည် ၉ လက်မပတ်လည် ကြေးပြားတစ်ချပ်ပေါ်တွင် ရွှေချပြီး နမူနာနှင့်အတူ တင်ဒါတင်သွင်းနိုင်ပါသည်။
၃။ လေလံနှင့်တင်ဒါလျှောက်လွှာများကို ၁၃၇၅ခုနှစ် ပြာသိုလဆန်း ၅ရက် (၅-၁-၂၀၁၄ရက်) ၀၉း၀၀နာရီတွင် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပြီး လေလံတင်ဒါပွဲကို ၁၃း၀၀နာရီတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
၄။ တင်ဒါလေလံအတွက် အသေးစိတ်စည်းကမ်းချက်များကို ရုံးချိန်အတွင်း တုရင်တောင် စွယ်တော်မြတ်စေတီတော် ဂေါပကရုံးသို့ လာရောက်စုံစမ်းနိုင်ပါသည်။

**တုရင်တောင်စွယ်တော်မြတ်စေတီတော်ဘဏ္ဍာတော်ထိန်း**
**ဂေါပကအဖွဲ့**
**ညောင်ဦးမြို့**
**ဖုန်း-၀၉-၂၀၄၂၆၀၀၊ ၀၉-၆၅၀၀၅၇၃**

**မြန်မာ့သစ်လုပ်ငန်း**
**ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
**၇/၂၀၁၃-၂၀၁၄ ကြိမ်မြောက် သစ်လုံးဈေးပြိုင်**

## လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ပြည်တွင်းသုံး သစ်လုံး ကုန်ကြမ်းများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-
(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၁၅-၁-၂၀၁၄ ရက် ၁၀း၀၀နာရီ
(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - သစ်မာသစ်လုံး ၄၀၀၀ တန်ခန့်
(ဂ) **ရောင်းချမည့်နေရာ** - အမှတ် ၁၀၃ သစ်စက်ရှင်းလင်းဆောင် မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး။
၂။ သစ်လုံးဈေးပြိုင်လေလံနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www.myanmatimber.com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊ ၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈၊ ၀၂-၇၀၃၇၁များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၆)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လမ်းခင်းကျောက် ရှယ်စုံ ၃၈၉၄ ကျင်းကို သတ်မှတ်စံချိန်စံညွှန်းများဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၁၂-၂၀၁၃ ရက်
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၈-၁-၂၀၁၄ ရက် ညနေ ၄း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၉-၁-၂၀၁၄ ရက် နံနက် ၁၀း၀၀နာရီ
**နေရာ** - အမှတ် ၃၉၃၊ လေယာဉ်ကွင်းလမ်း၊ လမ်းအထူးအဖွဲ့ ၁၆ ရုံး၊ ထားဝယ်မြို့

အသေးစိတ်သိလိုပါက ဖုန်း-၀၅၉-၂၃၈၆၀၊ ၀၅၉-၂၃၉၂၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**လေလံစိစစ်ရေးကော်မတီ**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဒေသန္တရဆည်များ ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်

ပုလဲ ဒီဇင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ခွင့်ပြုချထားငွေကျပ်သိန်း ၁၁၀ ဖြင့် ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ဆင်ရှင်ကျေးရွာအနီးရှိ ဒေသန္တရဆည်ဖြစ်သည့် ကျေးဥတောဆည်နှင့် ကျေးနင်းကြီးကျေးရွာအနီးရှိ ဘဲဆည်ပြုပြင်ထိန်းသိမ်း ခြင်းလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးညွန့်က "ပုလဲမြို့နယ်အတွင်း ဒေသန္တရဆည်ရှစ်ခုရှိရာမှာ ကျေးဥတောဆည်ပြုပြင်ရန် အတွက် ငွေကျပ်သိန်း ၇၀ နဲ့ ဘဲဆည်ပြုပြင်ရန်အတွက် ငွေကျပ်သိန်း ၄၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေမှ ခွင့်ပြုချထားပေးခဲ့ပါတယ်။ ကျေးဥတောဆည် အတွက် ရေပိုလွှဲအသေးစားနှစ်ခုနဲ့ ဘဲဆည်အတွက် ရေလွှဲဆည်တစ်ခု ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လုပ်ငန်းအားလုံးက ၈၀ ရာခိုင်နှုန်းလောက်တော့ ပြီးစီးနေပြီဖြစ်ပါတယ်။ ဒီနှစ်ကတော့ မိုးကုန်ပြီဆိုတော့ နောက်နှစ်ရာသီတွေမှာ တောင်သူတွေအတွက် စိုက်ပျိုးရေကို လုံလုံလောက်လောက်နဲ့ ရယူသုံးစွဲနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ညောင်ပင်သာကျေးရွာမှ တောင်သူဦးဘိုက "ဒေသအခေါ် ကျေးဥတောဆည်ကို ကျွန်တော်တို့ တောင်သူတွေက စပါးစိုက်ပျိုးရာမှာ စိုက်ပျိုးရေလုံလုံလောက်လောက် သုံးစွဲနိုင်အောင် နှစ်စဉ်ငွေကျပ်သုံးသိန်းနဲ့ လေးသိန်းကြားအကုန်အကျခံပြီးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရပါတယ်။ ဒီဆည်က လယ်စိုက်ဧက ၂၀၀ ကျော်ကို အကျိုးပြုတဲ့ဆည်ဖြစ်ပါတယ်။ အခုလို တိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့ငွေကျပ် သိန်း ၇၀ နဲ့ ပညာရှင်ဖြစ်တဲ့ ဆည်မြောင်းဦးစီးဌာနက တာဝန်ရှိအင်ဂျင်နီယာတွေရဲ့ ကြီးကြပ်မှုနဲ့ စနစ်တကျဆောင်ရွက်ပေးနေတာ မြင်တွေ့ရတော့ ကျွန်တော်တို့တောင်သူတွေ ဝမ်းပန်းတသာဖြစ်မိတယ်။ ဒီလယ်တွေက ကျွန်တော်တို့ တောင်သူတွေရဲ့ ထမင်းအိုးကြီးပါပဲ။ ရွှေကိုမလို ရေကိုသာလိုနေကြတဲ့ တောင်သူတွေရဲ့ အကျိုးအတွက် ဒေသန္တရ ဆည်တွေကို ပြုပြင်ထိန်းသိမ်းနိုင်အောင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထောက်ပံ့ငွေများနဲ့ ဆောင်ရွက်ပေးတဲ့အတွက် တောင်သူတွေရဲ့ ကိုယ်စား ကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# ဝန်ကြီးဌာန၏မူဝါဒနှင့်အညီ ပြည်သူများလျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေး အကောင်အထည်ဖော်လျက်ရှိ

နေပြည်တော်သည် မြန်မာနိုင်ငံ၏ နိုင်ငံတော်အစိုးရ ရုံးစိုက်ရာ အုပ်ချုပ်ရေးမြို့တော်အဖြစ် ၂၀၀၆ ခုနှစ်တွင် ဖြစ်ထွန်းပေါ်ပေါက်လာပြီးနောက် ရန်ကုန်မြို့မှာ နိုင်ငံ၏ စီးပွားရေးမြို့တော် ဖြစ်လာခဲ့သည်။ စီးပွားရေး မြို့တော်ဖြစ်လာသည်နှင့်အညီ ယခင်က ရန်ကုန်မြို့ စည်ပင်သာယာရေး နယ်နိမိတ်နှင့်ဆင်ခြေဖုံးရပ်ကွက်များ၏ အိမ်ရာအဆောက်အအုံများကို အဆင့်မြင့်အိမ်ရာစီမံကိန်းများဖြင့် နိုင်ငံတော်အစိုးရက တာဝန်ယူဆောင်ရွက်ခဲ့သော်လည်း ယခုပြည်သူ ဗဟိုပြု ဒီမိုကရေစီအစိုးရအုပ်ချုပ်ရေးစနစ်တွင် မြေပိုင်ရှင်များနှင့်ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များ ပူးပေါင်းလျက် အကျိုးတူခွဲဝေ ခံစားမှုစနစ်ဖြင့် အဆင့်မြင့်အိမ်ရာများကို ရန်ကုန်မြို့နေရာအနှံ့အပြားတွင် တည်ဆောက်နေကြသည်။

ယင်းသို့ တည်ဆောက်လျက်ရှိသည့် ရပ်ကွက်များအနက် သဃ်န်းကျွန်းမြို့နယ်ရှိ လေးထောင့်ကန်ရပ်ကွက်တွင်လည်း အကျိုးတူခွဲဝေခံစားမှုစနစ်ဖြင့် အဆင့်မြင့်အိမ်ရာများကို တစ်ရပ်ကွက်လုံးနီးပါးတည်ဆောက်နေရာ အဆင့်မြင့်အိမ်ရာများတည်ဆောက်မှုနှင့်အတူ လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိက လိုအပ်ချက်ဖြစ်သဖြင့် ရပ်ကွက်ရှိ လေးထောင့်ကန်လမ်း၊ ပြည်တော်အေးလမ်း၊ ရန်ကင်းလမ်း၊ ကန်တော်လမ်းနှင့်ရိပ်သာလမ်းမကြီး (၅)လမ်း၊ လမ်းသွယ်(၇)လမ်းတို့၌ ဆောက်လုပ်ပြီးစီးသွားသော အဆင့်မြင့် အိမ်ရာများလျှပ်စစ်မီး ရရှိရေးအတွက် ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမြင့် ဦးဆောင်သည့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကချမှတ်ထားသော မူဝါဒနှင့်အညီ ရပ်ကွက်အတွင်း သက်ဆိုင်ရာအပိုင်းအလိုက် ထရန်စဖော်မာများကို တိုးချဲ့တပ်ဆင်ပေးပြီး လိုအပ်သောဓာတ်တိုင်များစိုက်ထူခြင်း၊ ဓာတ်ကြိုးများသွယ်တန်းခြင်းနှင့် ဒစ်ဂျစ်တယ်မီတာများတပ်ဆင်ပေးလျက်ရှိကာ ယခုရက်ပိုင်းတွင်လမ်းသွယ်(၄)ကြားရှိ ကန်တော်လမ်းထိပ်၌၃၁၅ ကေဗွီအေထရန်စဖော်မာတစ်လုံး တပ်ဆင်၍ လမ်းသွယ်(၃)နှင့်(၄)ကြား၌ တည်ဆောက်ပြီးစီးသွားသော အဆင့်မြင့်အိမ်ရာနေပြည်သူများအတွက် လျှပ်စစ်မီးအမြန်ဆုံးသုံးစွဲနိုင်ရေးဆောင်ရွက်ပေးခဲ့ကြသည်။ အလားတူမြို့နယ်အတွင်းရှိ ရပ်ကွက်များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်မှုဖြင့် အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**(အပေါ်ပုံ)မွှေးမွှေး(သဃ်န်းကျွန်း)**

# ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းလိုက်နာရေး ရှောင်တခင်စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

နေပြည်တော် ကောင်စီနယ်မြေအတွင်း ယာဉ်မတော်တဆ ထိခိုက်ဒဏ်ရာရမှုများလျော့နည်းရေးအတွက် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် လမ်းအသုံးပြုသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ် မောင်းနှင်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျ လိုက်နာ ဆောင်ရွက်ရေးအတွက် ရှောင်တခင် စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ဒီဇင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီခွဲက ဥတ္တရသီရိမြို့နယ်အတွင်းရှိ (ဥတ္တရသီရိဆေးရုံမီးပွိုင့်အနီး)တွင် ယာဉ်မှုစစ်အဖွဲ့ခေါင်းဆောင် ရဲအုပ်ဝင်းဇော်ဦးစီး၍ ဒုရဲအုပ် ခင်မျိုးထက်၊ ရဲတပ်ကြပ် ဇော်ဇော်ထက်၊ ဒုတပ်ကြပ်နေမျိုးနှင့်ဥတ္တရသီရိ(ထွေ/အုပ်) ဦးစီးဌာနရုံးမှ စာရေး(၁) ဦးဇင်မျိုးသူတို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျ လိုက်နာဆောင်ရွက်ရေး ရှောင်တခင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခင်ဇော်(မင်္ဂလာ)**



# ခန္တီးမြို့တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆိုင်းဘုတ်စိုက်ထူ

ခန္တီး ဒီဇင်ဘာ ၂၈

ဆောင်းအကုန် နွေအကူး ကာလတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတိမူရေးဆိုင်းဘုတ်များကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ခန္တီးမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့နှင့် မြို့မရပ်ကွက်၊ ဇီးဖြူကုန်းရပ်ကွက်၊ နား မေတ္တာရပ်ကွက်တို့၌ စုပေါင်းစိုက်ထူကြသည်။

အဆိုပါ ဆိုင်းဘုတ်များကို မြို့နယ်ရဲတပ်ဖွဲ့မှူး နေဝင်း၊ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးကျော်သန်းဝေ၊ မြို့နယ်အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးတင်လှဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စိုက်ထူကြပြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

**ချန်လော(iprd)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်

**ဘိုကလေး ဒီဇင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် မီးသတ်တပ်ဖွဲ့ဝင် ၁၇၂၈ ဦး အတွက် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ထောက်ပံ့သည့် တူညီဝတ်စုံပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက ဘိုကလေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးတိုးလွင်က ဝတ်စုံများကိုပေးအပ်ရာ အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ဦးထွန်းအောင်ကြည်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသောင်းမြင့်တို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ကိုယ်စား လက်ခံယူကြသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## စက်မှုလက်မှုသိပ္ပံ၊ ပြည်မြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ပြည်မြို့၊ စက်မှုလက်မှုသိပ္ပံ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက် လှူဒါန်းပူဇော် ကန်တော့ကြပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

နေ့ရက် - ၄-၁-၂၀၁၄ ရက်(စနေနေ့) (လွတ်လပ်ရေးနေ့)
အချိန် - ညနေ ၄ နာရီ
နေရာ - Dolphin Restaurant ၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ် (ကန်တော်ကြီး၊ ဗိုလ်ချုပ်ကြေးရုပ်အနီး)

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

**အမည်မှန်**

လပွတ္တာမြို့နယ်၊ အောင်တော်မူ ကျေးရွာနေ ဦးလှမြင့်၏သမီး မဗေရယ်၏ အမည်မှန်နှင့် မွေးသက္ကရာဇ်မှာ မဗေရယ်လှမြင့် (၁၅-၄-၉၁) ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၆၄၅၆၁၊ Yinxiang-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၉/မထလ(နိုင်)၀၃၂၆၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)**

## ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် မီးသတ်ဆေးဘူးများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်း မီးသတ်ဆေးဘူးများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) 2 Kg ၄၆ ဘူး
(ခ) 3 Kg ၁၅၆ ဘူး
၂။ အိတ်ဖွင့်တင်ဒါများကို ၁၅-၁-၂၀၁၄ ရက်နောက်ဆုံးထား၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် ၂၅၊ နေပြည်တော်သို့ ပေးပို့ရန်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သော အသေးစိတ် အချက်အလက်များကို အောက်ပါ လိပ်စာနှင့် ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**
**ပြည်ထောင်စုရှေ့နေချုပ်ရုံး**
**ရုံးအမှတ် ၂၅၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၄၂၈၂၊ ၀၆၇-၄၀၄၁၇၃၊ ၀၆၇-၄၀၄၁၄၆**

## တိုင်းရင်းဆေးသိပ္ပံကျောင်း အပတ်စဉ်(၁၁) ဆရာကန်တော့ပွဲ

တိုင်းရင်းဆေးပညာဒီပလိုမာ အပတ်စဉ် (၁၁) ဆရာကန်တော့ပွဲကို ၂၃-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့) တွင် ပြုလုပ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အပတ်စဉ် (၁၁) ကျောင်းသား ကျောင်းသူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဦးကျော်နိုင်** ဖုန်း-၀၉-၂၅၉၀၂၀၇၅၂၊ ၀၉-၂၀၅၇၂၃၈
**ဦးကျော်အောင်** ဖုန်း-၀၉-၄၉၂၂၅၈၅၉၊ **ဒေါ်လွင်လွင်မာ** ဖုန်း-၀၉-၄၃၁၁၄၈၇၂
**ဒေါ်စန္ဒာအောင်** ဖုန်း-၀၉-၃၃၁၉၄၁၁၃၊ **ဒေါ်မျိုးမျိုးငြိမ်း** ဖုန်း-၀၉-၅၀၄၂၈၃၇
**ဒေါ်စိုးမြင့်ကြည်** ဖုန်း-၀၉-၄၃၀၄၇၃၂၆

## ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)အားငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)သည် မကွေးတိုင်းဒေသကြီး၊ ပရပ်ကြယ်ကျေးရွာအနီးတွင်တည်ရှိပြီး အကျယ်အဝန်းမှာ စက်ရုံ ၆၁ဒသမ ၉၀ဧကနှင့် စိုက်ကွင်း(၈၄၈)ဧကရှိ၍ လျှပ်စစ်နှင့်ရေအထူးကောင်းမွန်ပါသည်။
၂။ ယင်းစက်ရုံခွဲအား လက်ရှိလုပ်ငန်းအပြင် အခြားစက်မှုလုပ်ငန်းများပါ ဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-
(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၉း၀၀ နာရီ
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄း၀၀ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။
၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက စုံစမ်းနိုင်ပါသည်။

**ပစ္စည်းစီမံရေးဌာန**
**ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၈၄၂၆၊ Luojia 110, M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်ဌေးကြည် ၉/မထလ(နိုင်)၂၀၀၇၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# လွတ်လပ်ရေးနေ့ ဂုဏ်ပြု မြို့မမူကြို ကာယ စွမ်းရည်ပြိုင်ပွဲကျင်းပ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၈**

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ကိုယ့်အားကိုယ်ကိုးမြို့မ မူလတန်း ကြိုကျောင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဒီဇင်ဘာ အားကစားပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီခွဲက ကျောင်းရှေ့ ကွက်လပ်၌ကျင်းပရာ ရင်သွေးငယ် ကျောင်းသား၊ ကျောင်းသူ ၁၅၀ တို့သည် အငယ်တန်း၊ အကြီးတန်း နှစ်ဆင့်ခွဲ၍ ကလေးငယ်များကိုယ် ကာယကြံ့ခိုင်စေရေးနှင့် ဉာဏ်စွမ်းရည် ထက်မြက်စေမည့်အားကစားနည်းပြိုင်ပွဲ ၁၄ ခုတို့ကို ယှဉ်ပြိုင်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဒီဇင်ဘာ အားကစားပွဲတော်ကျင်းပနိုင်ရေး အလှူရှင် ၅၀ တို့က ဆုပစ္စည်းများ၊ အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာမျိုးစုံတို့ကို လှူဒါန်းခဲ့ကြပြီး ဆုရရှိကြသည့် ရင်သွေးငယ် ကျောင်းသား ကျောင်းသူများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ပြုံးကြည်၊ မြို့မမူလတန်းကြိုကျောင်း နာယက ဦးအောင်ကျော်ငြိမ်း၊ မြို့မမူကြိုကျောင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းကြိုင်နှင့် ကျောင်းအကျိုးတော်ဆောင်များ၊ အလှူရှင်မိသားစုများက ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **နိုင်ဝင်း**

# ပေါ့သမီးမှ စတင် လောင်ကျွမ်း

**မြင်းခြံ ဒီဇင်ဘာ ၂၈**

မြင်းခြံမြို့ အမှတ်(၁၄)ရပ်ကွက် နယ်မြေ(၅) ဒေါ်ခင်ရွှေ(ခ) ဒေါ်ကုလားမကြီးပိုင် နံကပ်နှစ်ထပ် ပေ (၃၀×၄၀)အဆောက်အအုံအပေါ်ထပ်တွင် ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ မီးလောင်ကျွမ်းရာ ရပ်ကွက်ပြည်သူများနှင့် မီးသတ်ယာဉ်ခြောက်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၅၆ ဦးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ၃ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ဖြစ်စဉ်မှာ မောင်အောင်စိုးပြေ (၂၀ နှစ်)သည် ၎င်းနေအိမ်အပေါ်ထပ်တွင် နေထိုင်လျက်ရှိပြီး ဆေးလိပ်မီးမှတစ်ဆင့် မွေ့ရာသို့ ကူးစက်လောင်ကျွမ်းကာ နေအိမ်မျက်နှာကြက်တံခါးပေါက်များလောင်ကျွမ်းခဲ့ပြီး ကာလတန်ဖိုးငွေကျပ် တစ်သိန်းခန့်ဆုံးရှုံးခဲ့သည်။အဆိုပါ အမှုနှင့်ပတ်သက်၍ မြင်းခြံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# အောက်ဆီဂျင်ဘူးများ ဥဿာမြို့သစ်တွင်လှူဒါန်း

**ပဲခူး ဒီဇင်ဘာ ၂၈**

ပဲခူးမြို့ ဟံသာကရုဏာ သင်္ဂဟအဖွဲ့မှ တတိယအကြိမ်မြောက် အောက်ဆီဂျင်ဘူးလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ပဲခူးမြို့ဥဿာမြို့သစ် အမှတ်(၄) အခြေခံပညာမူလတန်း (လွန်) ကျောင်း၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က အမှာစကားပြောကြားပြီး အလှူရှင်များလှူဒါန်းသော အောက်ဆီဂျင်ဘူးများနှင့် အလှူငွေများကို ဟံသာကရုဏာသင်္ဂဟအဖွဲ့မှ လက်ခံယူကာ ပဲခူးမြို့ဥဿာ မြို့သစ်တွင် ရှိသော မြတ်မေတ္တာစေတနာအခမဲ့ ဆေးခန်းသို့အောက်ဆီဂျင်တစ်ဘူးနှင့် ရပ်ကွက်ကြီး(၄)မဟာရာမကန် တနင်္ဂနွေဆွမ်းလောင်းဝတ်အသင်းသို့ အောက်ဆီဂျင်ဘူးသုံးဘူးတို့ကို အကျိုးတော်ဆောင်များလက်သို့ ပြန်လည်လွှဲအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**စန်းဝေ(ဟံသာမြေ)**

# ရှေးမြန်မာ့ရိုးရာလက်ရက်ကန်း အဝတ်အထည်ရက်လုပ်သူများ အရောင်းအဝယ်အဆင်ပြေလျက်ရှိ

**တောင်တွင်းကြီး ဒီဇင်ဘာ ၂၈**

တောင်တွင်းကြီးမြို့နယ်နှင့် မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ရှေးမြန်မာ့ရိုးရာလက်ရက်ကန်းဖြင့် အဝတ်အထည်များ၊ စောင်များ ရက်လုပ်၍ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသည်ကိုတွေ့ရသည်။ မြို့သစ်မြို့နယ် ညောင်ကုန်းကျေးရွာသည် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်ကားလမ်းနံဘေးတွင် တည်ရှိပြီး စီးပွားရေးအဆင်ပြေ၍ ဖွံ့ဖြိုးတိုးတက်သောရွာဖြစ်သည်။ လျှပ်စစ်မီးမရသော်လည်း အိမ်တိုင်းနီးပါး တီဗွီ၊ အောက်စက်နှင့် စလောင်းများ တပ်ဆင်အသုံးပြုကာ မီးစက်များဖြင့် ထိန်ထိန်လင်းလျက်ရှိသည်။ ဆိုင်ကယ်သံ၊ ကားသံ၊ ဖုန်းသံ၊ စပါးခြွေလှေ့စက်သံများနှင့်အတူ ရက်ကန်းခတ်သံကိုလည်း ထူးခြားစွာကြားရသည်။

"ကျွန်မတို့က ဝါစိုက်တယ်၊ ချည်မျှင်ရှည်ဝါကိုအဓိကစိုက်ဖြစ်တယ်။ ယာခင်းကရတဲ့ဝါနဲ့ ရက်ကန်းရက်တယ်၊ ရွာမှာ လျှပ်စစ်မီးမရတော့စက်ရက်ကန်းတော့မရှိဘူး၊ ခြေနင်းရက်ကန်းနဲ့ ရက်တယ်၊ ပုဆိုး၊ စောင်၊ တဘက် စသည့် အထည်များ ရက်လုပ်တယ်၊ ချည်ကိုဝယ်မသုံးရဘဲ ဝါကို ဗိုင်းငင်ပြီး ချည်ကြိုးထုတ်တယ်။ အိမ်နေရင်းတစ်ဖက်တစ်လမ်းက အပိုဝင်ငွေရတယ်။ ချည်စောင်တစ်ထည်ကို ငွေကျပ်၇၅၀၀မှ ၁၀၀၀၀ရောင်းရတယ်၊ ချည်ပုဆိုးတစ်ထည်ကို သုံးထောင်ရောင်းရတယ်။ မြို့ပေါ်မှ လူတွေက မှာပြီး ဝတ်ဆင်ကြသလို၊ လယ်ယာလုပ်သားတောင်သူလယ်သမား မိသားစုများက နွေးထွေးပြီး အကြမ်းခံသဖြင့် အဝတ်များတယ်"ဟု မညောင်းကုန်းကျေးရွာမှ ရက်ကန်းရက်လုပ်သူတစ်ဦးကပြောပြသည်။ **(ဝ၂၁)**

# တရားမဝင်အနှိပ်ခန်း ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်ကွက် (၇၃)လမ်း (၃၅×၃၆)လမ်းကြားရှိ ဆိုင်တွင် တရားမဝင် အနှိပ်ခန်းလုပ်ကိုင်နေကြောင်း သတင်းအရ မန္တလေးခရိုင် ရဲတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၂ ရက် ည ၁၁ နာရီခွဲက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ မန်နေဂျာ မင်းသန့်(၃၂)နှစ်နှင့် အနှိပ်ခန်း လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သူ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သံကြိုးတန်းရပ်ကွက်နေ မ---(၂၇နှစ်)ပါ ၁၂ ဦးအား အနှိပ်ခန်း ဖွင့်လှစ်အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# အများသုံးသောက်ရေကန်အတွင်း ကလေးငယ်နှစ်ဦးရေနစ်သေဆုံး

**ကျောက်တံခါး ဒီဇင်ဘာ ၂၈**

ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ရန်ကုန်-နေပြည်တော် အမြန်လမ်းအနောက်ဘက်ရှိ အများသုံးသောက်ရေကန်တွင် ကလေးငယ်နှစ်ဦးရေနစ်သေဆုံးနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၅ ရက်တွင် မြို့ချောင်းကျေးရွာအုပ်စုဈေးတန်း(၂)ရပ်ကွက်မင်္ဂလာဆောင်မှ စားသောက်ပြီးပြန်လာသော မောင်ဟိန်းထက်အောင် ခုနစ်နှစ်နှင့် မောင်အိုးလေး ခြောက်နှစ်တို့သည် မြို့ချောင်းရဲစခန်းမှ ခြောက်ဖာလုံခန့်အကွာ ရန်ကုန်-နေပြည်တော်အမြန်လမ်း အနောက်ဘက် မိုင်တိုင်အမှတ်(၈၃/၅) အနီးတွင်ရှိသော အများသုံးသောက်ရေကန်အတွင်း ရေဆင်းချိုးရာမှ ရေနစ်သေဆုံးနေကြောင်း ညနေ ၃ နာရီခွဲတွင် သတင်းရသဖြင့် မြို့ချောင်းရဲစခန်းမှ တာဝန်မှူးဒုရဲအုပ် ဇေယျာမျိုး သွားရောက်စစ်ဆေး၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်မဟုတ် မြို့ချောင်းရဲစခန်းမှ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မျိုးဦး(ကျောက်တံခါး)**

# ဆင်သတ်မုဆိုးအဖွဲ့၏ တူမီးသေနတ်များရှာဖွေတွေ့ရှိ

**ကျောက်တံခါး ဒီဇင်ဘာ ၂၈**

ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းအပိုင်ရဲစခန်း၏ အနောက်တောင်ဘက်မိုင်(၂၀)ခန့်အကွာ ဘိုင်းဒါးသစ်တောကြိုးဝိုင်း ပန်ဒါကျွန်းစိုက်ပျိုးရေးကုမ္ပဏီပိုင်နက်အတွင်း၌ ပဲခူးရိုးမတောင်ပေါ်သစ်ထုတ်လုပ်ရေးစခန်းမှ ဆင်များနှင့်တောဆင်ရိုင်းများကို ပစ်ခတ်သတ်ဖြတ်လျက်ရှိသော ဆင်သတ်မုဆိုးအဖွဲ့မှ အသုံးပြုသည့်တူမီးသေနတ်များကို ဝှက်၍ သိမ်းဆည်းထားနိုင်ကြောင်း သတင်းအရ ဖဒိုနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်အောင်ကျော်ဦး ဦးစီး၍ တပ်ကြပ်ကြီးနိုင်အောင်၊ တပ်ကြပ်တင်မောင်မြင့်၊ တပ်သားသစ္စာ၊ တပ်သားစောအယ်ခူထူး၊ ကျောက်တံခါးရဲစခန်းမှ ရဲအုပ်မင်းမင်းနိုင်၊ တပ်သားကျော်ဇင်ထွန်း၊ ကျောက်တံခါးမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးသန်းညွန့်၊ ပန်ဒါကုမ္ပဏီမှ ကြီးကြပ်ရေးမှူး ဦးအောင်ဝင်း၊ ဦးမျိုးမြင့်သိန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် သစ်တောကြိုးဝိုင်းအကွက်အမှတ်(၁၀၇) ပန်ဒါကျွန်းစိုက်ပျိုးရေး ကုမ္ပဏီပိုင်ကြံ့ချောင်းအနီး လျှိုမြောင်အတွင်းဝင်ရောက်ရှာဖွေရာ တူမီးသေနတ်လေးလက်၊ ခါးမနှစ်ချောင်း၊ ခါးဦးချွန်နှစ်ချောင်းကို ညနေ ၅ နာရီခွဲခန့်တွင် ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ပိုင်ရှင်ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက်ဖဒိုနယ်မြေရဲစခန်းမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးဦး(ကျောက်တံခါး)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦး အထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ် ဆောင်းလျှင်မေးသိုင်းကြိုး ခိုင်ခံ့စွာတပ်ဆင်ရန်နှင့်နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-အေ)၊ လူနေရပ်ကွက်-နံ့သာကုန်း၊ မြေကွက်အမှတ်(၇၀)၊ ဧရိယာ ဝ ဒသမ၃၄၃၊ (ယခုအခေါ် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်-၁၁)မြေပိုင်မြေအကွက်ထဲမှ ခြေရင်းဘက်ရှိ (၃၃)ပေ× (၇၀)ပေ အကျယ်အဝန်းရှိ မြေနှင့်၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အုတ်ခံ၊ ပျဉ်ထောင်၊ တစ်ထပ်ခွဲအဆောက်အအုံနှင့် လျှပ်စစ်မီး၊ ရေအပါအဝင် သီးပင်စားပင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် မြေ၏တန်ဖိုးငွေအနက်မှ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇေယျာအောင်** | **ဦးသိန်းနိုင်** |
| **အထက်တန်းရှေ့နေ(စဉ်-၃၂၄၉၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၈၉)** |
| **အမှတ်(၄၆၅)၊ လှိုင်မြစ်လမ်း၊** | **တိုက် ၅ ၊ အခန်း(၁၀၁)၊** |
| **ကမ်းနားအလယ်ရပ်ကွက်၊** | **အောင်ဇေယျအိမ်ရာ၊ ကမ်းနားအလယ်** |
| **အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၅၀၆၈၃၃၉** | **ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ဖုန်း-၀၉-၅၀၈၁၆၅၈** |

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ လူနေရပ်ကွက်အမှတ် မြခွါညိုအိမ်ရာ၊ မြေကွက်အမှတ် ၃/ဃ၊ ဧရိယာ ဝ ဒသမ ၁၀၇ဧကရှိ နှစ်၆၀ဂရန်မြေကွက် အမည်ပေါက်ပိုင်ဆိုင်သူ ဦးရွှေလှိုင် ၁၂/လမတ(နိုင်)၀၂၂၆၁၆ထံမှ ကိုယ်စားလှယ်လွှဲစာကို ဒေါ်သီဂီ ၁၂/ပဇတ(နိုင်)၀၁၁၃၆၄ ထံမှ ရယူထားပါသည်။ ဒေါ်သီဂီထံမှဝယ်ယူရန်စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများရှိပါက ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစိန်ရီ B.Sc, D.A, R.L (စဉ်-၃၀၃၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၃၀၃၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၃၆၇၅ Nissan Sunny FB 13 Saloon (4× 2) (R) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းရွှေ ၉/မရတ(နိုင်) ၀၁၁၂၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၃၊ မြေကွက်အမှတ် ၆၃/ခ၊ မြေကွက်တည်နေရာအမှတ် ၆၃/ခ၊ အနော်မာ ၂ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်ညွန့်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်နှင့် ခင်ပွန်းဦးမြတ်ထွန်း (ခ) ဦးမြထွန်း ကွယ်လွန်သဖြင့် ဒေါ်အုန်းမြင့် ၁၂/ဥကတ(နိုင်)၁၅၉၁၅၄၊ ဦးနေဝင်း ၁၂/ဥကတ(နိုင်)၀၅၉၂၈၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၅၄၀၅၃ Honda C90 ယာဉ်လက်ဝယ်ရှိသူဦးမြင့်ဆွေ ၉/မရမ(နိုင်)၀၄၅၉၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၄၁၉၃၆ ဟွန်ဒါ C90 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူဒေါ်ညွန့်ညွန့်ဆန်း ၅/မရန(နိုင်)၁၄၃၉၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၆၁၄၊ အမည်ပေါက် ဦးအောင်ရွှေ ၁၂/ကတန(နိုင်)၀၀၈၈၃၂၏ မြေကွက်ကိုလက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးမြရွှေ ၁၂/ကတန(နိုင်)၀၀၈၈၁၁က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တပ်ရာကုန်း၊ မြေကွက်အမှတ် ၃၄၉၊ အမည်ပေါက် ဦးခင်မောင်ဦး၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးဝင်းဇော်မင်း၁၂/သကတ(နိုင်)၁၃၆၁၉၈က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီးမြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## တရားလွှတ်တော်ရှေ့နေ ဦးထွန်းလှိုင် (စဉ်-၆၆၆၅)၏ ၂၀-၁၂-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာကြော်ငြာကို ပြန်လည်ရှင်းလင်းသတိပေးကြေညာခြင်း

ဒေါ်ကြူကြူဝင်း ၁၂/ကမတ(နိုင်)၀၁၉၅၅၁ နှင့် ဦးသိန်းအောင် ၁၂/ကမတ(နိုင်)၀၂၆၆၈၂ တို့၏ ညွှန်ကြားချက်အရ ရှေ့နေကြီးဦးထွန်းလှိုင် ၂၀-၁၂-၂၀၁၃ ရက် သတင်းစာကြေညာပါ မြေနှင့်အဆောက်အအုံမှာ ဒေါ်အေးလှ ဘီကြူ-၀၀၀၄၅၃၊ ဒေါ်ခင်ညွန့် ဘီကြူ-၀၀၀၄၅၄တို့ ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့သက်ရှိထင်ရှားရှိစဉ်က ဒေါ်အေးလှက ၎င်း၏ဝေစုကို ဒေါ်ကြည်ကြည်ဝင်း ဘီကြူ-၀၀၀၄၅၅တို့ တရားဝင်မှတ်ပုံတင်စာချုပ်ဖြင့် ပေးအပ်ခဲ့ပြီးဖြစ်သည်။ မြေးဖြစ်သူ မသန်းသန်းနိုင်သို့ ပေးကမ်းခြင်းမရှိပါ။ ဒေါ်အေးလှ၊ ဒေါ်ခင်ညွန့် ကွယ်လွန်ချိန်တွင် ဒေါ်ကြူကြူ ဝင်းနှင့် ဦးသိန်းအောင်တို့မှာ အမွေဆက်ခံသူအဖြစ်ကျန်ရှိခဲ့ပါသည်။ မသန်းသန်းနိုင် ၁၂/ကမတ (နိုင်)၀၂၆၂၇၉ ခံစားခွင့်မရှိကြောင်း ပြန်လည်ကြေညာပါသည်။ အထောက်အထားမဲ့ ဒေါ်သန်း သန်းနိုင်၏ကြေညာမှုကို ပြန်လည်မရုပ်သိမ်းပါက ဥပဒေအရ အရေးယူဆောင်ရွက်မည်။ ရောင်း/ ဝယ်/ပေါင်နှံငှားရမ်းလွှဲပြောင်းခြင်းကို မည်သူမျှမပြုရန် တားမြစ်လိုက်ကြောင်း ကြေညာအပ် ပါသည်။ **ညွှန်ကြားချက်အရ-**

**ဦးဝင်းမောင် (ခေတ္တရာ) B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၉/၇၈)**
**အမှတ် ၅၉၊ ရတနာပုံလမ်း၊ ကြည့်မြင်တိုင်မြို့နယ်**

နယ်သတင်းနှင့်ဆောင်းပါး

# မကွေးမြို့ပေါ်ရှိ သီလရှင်ဆရာလေးများအား ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲများလှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလှူ

**မကွေး ဒီဇင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မကွေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့တို့က မကွေးမြို့ပေါ်ရှိ သီလရှင်ဆရာလေးများအား ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲများလှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလှူခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက်စနာရီခွဲက မကွေးမြို့ မြသလွန်ဘုရားစောင်းတန်းတွင် ကျင်းပသည်။

မကွေးမြို့ပေါ်ရှိ သီလရှင်စာသင်တိုက်(၁၇)တိုက်မှ သီလရှင်ဆရာလေး ၄၄၇ပါးအား ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲများလှူဒါန်းခြင်းကို မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကဒေါ်စမ်းစမ်းမြင့်၊ မကွေးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းထွေးနှင့် တိုင်း၊ ခရိုင်မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ဆက်ကပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး သီလရှင်ဆရာလေးများ၏ကျန်းမာရေးစောင့်ရှောက်မှု ပေးလှူခြင်းကို ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကုသဆောင်ရွက်ပေးကြသည်။

မကွေးမြို့ပေါ်ရှိ သီလရှင်ဆရာလေးများအား ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲများလှူဒါန်းခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလှူခြင်းအတွက် စုစုပေါင်းလှူဒါန်းမှုတန်ဖိုးမှာ ကျပ်သိန်း ၃၀ဖြစ်ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**



# စွယ်တော်ရှင်စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်လျက်ရှိ

**ဂန့်ဂေါ ဒီဇင်ဘာ ၂၈**

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါရှိ ရှေးဟောင်းသမိုင်းဝင်း စွယ်တော်ရှင်စေတီတော်ကို စေတီတော်ဂေါပကအဖွဲ့က ဘက်စုံမွမ်းမံတည်ဆောက်လျက်ရှိသည်။ **(အပေါ်ပုံ)** ထိုသို့မွမ်းမံတည်ဆောက်လျက်ရှိရာတွင် စေတီတော်ပုရိဝုဏ်အတွင်း စကျင်ကျောက်ပြားခင်းခြင်း၊ စေတီတော်အား ရွှေသင်္ကန်းကပ်လှူခြင်းတို့ ဆောင်ရွက်ခြင်းများအပြင် အရုဏ်ခံတန်ဆောင်းမျက်နှာကျက်နှင့် တောင်ဘက်မုခ်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြတ်စွယ်တော်ပိဋကတ်တိုက်ကိုလည်း ဖွင့်လှစ်ထားရှိကာ ပိဋကတ်တိုက်တွင် ဓမ္မစာပေများ သာမက သုတရသစာအုပ်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများပါ ထားရှိလျက် ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းကိုဆောင်ရွက်လျက်ရှိသည်။ အဆိုပါပိဋကတ်တိုက်သို့ ဂန့်ဂေါခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှလည်း စာပေရေချမ်းစင် စာစဉ်အတွဲ (၁) အမှတ်စဉ်(၁)မှ(၆)အထိ ဘာသာရပ် ၁၂ မျိုးအတွက် ၇၂အုပ်ကို လှူဒါန်းထားကြောင်း သိရသည်။

"စွယ်တော်ရှင် စေတီတော်ဂေါပကအဖွဲ့အနေနဲ့ တပေါင်းလမှာ ဗုဒ္ဓပူဇနိယပွဲတော်၊ သီတင်းကျွတ်လမှာ အဘိဓမ္မာအခါတော်နေ့အခမ်းအနား၊ ပြာသိုလမှာ အမေနေ့အခမ်းအနားနှင့် စာပေပြိုင်ပွဲတို့ကို နှစ်စဉ်ကျင်းပလျက်ရှိပါတယ်"ဟု စေတီတော်ဂေါပကအဖွဲ့မှ ပိဋကတ်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းက ပြောကြားသည်။

**(၁၀၁)**



# သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀နာရီက ကျင်းပသည်။ **(ယာပုံ)**

